စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ရွှေစက်မှု ဂျာနယ်

The Golden Industrial Journal

အတွဲ ၇၊ အမှတ် ၇၊ ၂၀၁၄ ခုနှစ်၊ ဧပြီလ

## စက်မှုဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ပူးပေါင်း၍ မဟာဓာတ်အားလိုင်းမရောက်ရှိနိုင်သောဒေသများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ စီမံကိန်းများဖော်ဆောင်နိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် နှီးနှောဖလှယ်ပွဲကျင်းပ













## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၂၀ ရွာနှင့်ချင်းပြည်နယ်၊ ဟားခါးမြို့တွင်း အများပြည်သူသုံးလမ်းမများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိနိုင်မည်ဖြစ်ပြီး ဟားခါးမြို့နယ်ရှိ ဆေးရုံနှင့်ဆေးပေးခန်းများတွင် ဆေးဝါးနှင့်ဆေးပစ္စည်းများ သိုလှောင်သိမ်းဆည်းရန် အအေးပေးစနစ် (Refrigerator) များ တပ်ဆင်အသုံးပြုနိုင်မည်

စာမျက်နှာ ၂ သို့ -



မျက်နှာဖုံးမှ -

စက်မှုဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မဟာဓာတ်အားလိုင်းမရောက်ရှိနိုင်သောဒေသများ၌ လျှပ်စစ်မီးရရှိရေးအထောက်အကူပြု ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာစီမံကိန်းများ ပူးပေါင်းဖော်ဆောင်နိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် နှီးနှောဖလှယ်ပွဲကို နေပြည်တော် သင်္ဂဟဟိုတယ်၌ မတ်လ ၂၁ ရက်နေ့ နံနက် ၉ နာရီတွင်ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွင်း မဟာဓာတ်အားလိုင်းမရောက်ရှိနိုင်သောဒေသများ၌ လျှပ်စစ်မီးရရှိစေရေးအတွက် စက်မှုဝန်ကြီးဌာနလက်အောက်တွင် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီကို ၂၀၁၁ ခုနှစ်မှစတင်ဖွဲ့စည်းခဲ့ပြီး UNIDO, KOICA, KOTRA နှင့် NEDO ကဲ့သို့သော နိုင်ငံတကာမှ အလှူရှင်များ၏အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်တွင် ဒုတိယအကြိမ်မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (2nd Myanmar Development Cooperation Forum - MDCF) ကျင်းပပြီးစီးသည့်အချိန်မှစ၍ ကျေးလက်မီးလင်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ငွေကြေးအထောက်အကူပြုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကမှ ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့်ပုဂ္ဂလိကလက်တွဲဆောင်ရွက်သည့်အရှိန်ကို ပိုမိုမြင့်တင်နိုင်ခဲ့ကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အနေဖြင့် ၂၀၁၃ ခုနှစ် ဧပြီလမှစတင်၍ ကျေးလက်မီးလင်းရေးဆောင်ရွက်ချက်များတွင် ပိုမိုပါဝင်လာနိုင်ခဲ့ပြီး ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးနှစ်ခုတွင် ရှေ့ပြေးစီမံကိန်းများဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဤဆွေးနွေးပွဲ၌ ဈေးကွက်တွင်ရှင်သန်နိုင်စွမ်းရှိပြီး ထိရောက်အကျိုးရှိသည့် စွမ်းအင်ဆိုင်ရာအကဲဖြတ်နည်းပညာလေ့လာတွေ့ရှိချက် (Case Studies of Energy Access Technologies) နှင့်စီးပွားရေးစံပြပုံစံ (Business Models) ဆိုင်ရာဆောင်ရွက်ချက်များကို ဆွေးနွေးမည်ဖြစ်ကြောင်း၊ ကျေးလက်မီးလင်းရေးဆောင်ရွက်ချက်များသည် ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်းကိုမြှင့်တင်ပေးခြင်းဖြစ်ရာ ဤဆောင်ရွက်ချက်မှသည် ဆင်းရဲနွမ်းပါးသောဝန်းကျင် (Poverty Environment) ကိုလျှော့ချနိုင်ခြင်း၊ လူမှုအဆင့်အတန်းကွာဟချက်ကို လျှော့ပါးစေခြင်း၊ နည်းပညာအသိရရှိစေခြင်း၊ ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုများကို လျှော့ချနိုင်ခြင်းစသည်တို့မှသည် သဘာဝသယံဇာတများကို ရေရှည်တည်တံ့ခိုင်မြဲစွာ ထိန်းသိမ်းနိုင်သည်အထိ အကျိုးရှိကြောင်း၊ ယနေ့ကျင်းပသည့်ဆွေးနွေးပွဲတွင် ADB နှင့်စက်မှုဝန်ကြီးဌာနတို့၏ လက်ရှိဆောင်ရွက်နေသည့် ဆောင်ရွက်ချက်များ၊ နိုင်ငံတကာမှဆောင်ရွက်နေသည့် စွမ်းအင်ဆိုင်ရာမူဝါဒများနှင့် ယန္တရားများကို သိသာထင်ရှားစေရန်၊ ငွေကြေးနှင့်နည်းပညာဆိုင်ရာပံ့ပိုးဆောင်ရွက်ချက်များကို သုံးသပ်ဖလှယ်ရန်၊ ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်လာစေရန်၊ စွမ်းအင်ဆိုင်ရာမူဝါဒများအား ထိရောက်စွာအကောင်အထည်ဖော်ရန်၊ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများကို အတူတကွကျော်လွှားနိုင်မည့် ပတ်ဝန်းကျင်ကောင်းများ တည်ဆောက်ရန်၊ ရေရှည်တည်တံ့သောစွမ်းအင်ရရှိနိုင်ရေးအတွက် အထောက်အကူပြုနိုင်သော စီးပွားရေးစံပြပုံစံတစ်ခုကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှစွမ်းအင်ဌာနမှ Director Mr.Chong Chi Nai နှင့်မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Ann Ollestad တို့က အမှာစကားပြောကြားခဲ့ကြသည်။ ဆက်လက်၍ ADB မှ Senior Climate Change Specialist Mr. Pradeep Tharakan နှင့်အမေရိကန်နိုင်ငံ၊ ကိုလံဘီယာတက္ကသိုလ် Earth Institute မှ Mr. Edwin Adkins တို့က မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုနိုင်မှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်စက်မှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ နိုင်ငံတကာမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးရေးကိုစိတ်ဝင်စားသည့် အဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များအပါအဝင် ဘဏ်လုပ်ငန်းရှင်များ၊ သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်ရေး ရန်ပုံငွေအဖွဲ့များ၊ အလှူရှင်များ၊ စွမ်းအင်ဆိုင်ရာ စက်ပစ္စည်းရောင်းချသူများ၊ စီမံကိန်းအကောင်အထည်ဖော်သူများနှင့် ပြည်တွင်းမှလုပ်ငန်းရှင်များ စိတ်ဝင်တစားတက်ရောက်ခဲ့ကြပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအပြင် မြန်မာနိုင်ငံ၏လက်ရှိအခြေအနေပေါ်မူတည်၍ နိုင်ငံတကာအတွေ့အကြုံများနှင့် အလေ့အကျင့်ကောင်းများ လက်ခံရယူနိုင်မည့် နည်းလမ်းများကို ဦးတည်ဆွေးနွေးခဲ့ကြသည်။ အဆိုပါအခမ်းအနားကို မတ်လ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ADB မှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၂၀ ရွာနှင့် ချင်းပြည်နယ်၊ ဟားခါးမြို့တွင်း အများပြည်သူသုံးလမ်းမများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဟားခါးမြို့နယ်ရှိ ဆေးရုံနှင့်ဆေးပေးခန်းများတွင် ဆေးဝါးနှင့်ဆေးပစ္စည်းများ သိုလှောင်သိမ်းဆည်းရန် အအေးပေးစနစ် (Refrigerator) များ တပ်ဆင်အသုံးပြုနိုင်တော့မည်ဖြစ်သည်။ အဆိုပါ နှီးနှောဖလှယ်ပွဲကို မတ်လ ၂၂ ရက်နေ့ ညနေတွင် ဒုတိယဝန်ကြီး ဦးမျိုးအောင်မှ ကျေးဇူးတင်စကားပြောကြားပြီး ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

# ၂၀၁၁ ခုနှစ်က ရပ်နားခဲ့ရသော မှန်ရည်ကျိုမီးဖိုကြီး စက်ရုံဝန်ထမ်းများ၏ကြိုးပမ်းမှုဖြင့် ပြင်ဆင်တည်ဆောက်နိုင်ခဲ့

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မတ်လ ၂၈ ရက်နေ့ နံနက် ၁၁ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ပုသိမ်မှန်စက်ရုံသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများက မှန်ရည်ကျိုမီးဖိုပြန်လည်တည်ဆောက်နေမှုအခြေအနေများ၊ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံပြန်လည် လည်ပတ်နိုင်ရေး အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် လွှတ်တော်မှပြင်ဆင်ရန်ဘတ်ဂျက်ခွင့်ပြုချက်မရရှိ၍ စက်ရပ်နားထားခဲ့ရပြီး ပြင်ဆင်နိုင်ခြင်းမရှိခဲ့သော မှန်ရည်ကျိုမီးဖိုကြီးအား ဝန်ထမ်းများ၏စွမ်းအားဖြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံခြားငွေများစွာ ချွေတာနိုင်ခဲ့ကြောင်း၊ ဝန်ထမ်းများ၏လုပ်ငန်းကျွမ်းကျင်မှု၊ ကြိုးစားအားထုတ်မှု၊ စည်းလုံးညီညွတ်မှု၊ ကြံ့ရည်ဖန်ရည်ရှိမှုနှင့် စေတနာရှိမှုတို့ကို အသိအမှတ်ပြုကြောင်း၊ မကြာမီကာလအတွင်း စက်ရုံပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များကို အသေးစိတ်ပြင်ဆင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိတို့၏ထုတ်ကုန်များကို ဈေးကွက်တွင် အရည်အသွေး ရောဈေးနှုန်းအရပါယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ပြီး၊ စီးပွားရေးတွက်ခြေကိုက်အောင် ကြိုးစားကြရမှာဖြစ်ကြောင်း၊

စာမျက်နှာ ၅ သို့ -

# မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် အမှတ် (၂၅) အကြီးစားစက်ရုံ (မြိုင်) အတွင်း တည်ထားကိုးကွယ်သည့် သီရိမင်္ဂလာအောင်စကြာဆုတောင်းပြည့်စေတီတော်၏စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကျင်းပ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် အမှတ် (၂၅) အကြီးစားစက်ရုံ (မြိုင်) အတွင်း သမိုင်းဝင်သင်ပုန်းကျောက်ဖျာကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် သီရိမင်္ဂလာ အောင်စကြာဆုတောင်းပြည့်စေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူမင်္ဂလာအခမ်းအနားကို မတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါစေတီပရဝုဏ်အတွင်း၌ ကျင်းပပြုလုပ်ရာ ကံယာကောင်းတောင်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခဇေအမှူးပြုသည့် ဆရာတော်သံဃာတော် ၉ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စက်ရုံအထွေထွေမန်နေဂျာနှင့် ဝန်ထမ်းမိသားစုများ၊ အလှူရှင်များ၊ ဒေသခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ကြွရောက်လာကြသည့် ဆရာတော်သံဃာတော်များက ဗုဒ္ဓဘိသေကအနေကဇာတင်မင်္ဂလာပြုဖွယ်များကို ဆောင်ရွက်တော်မူကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဥပသကာအဖွဲ့များက ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကိုပင့်ဆောင်၍ စေတီတော်အားလက်ယာရစ် ၃ ပတ်ပူဇော်ကြသည်။ ဆက်လက်၍ မင်္ဂလာအချိန်တွင် ရွှေထီးတော် ပထမ၊ ဒုတိယ၊ တတိယဘုံဆင့်များကို လက်ဆင့်ကမ်းပင့်ဆောင်၍ စေတီတော်အထွဋ်သို့ တင်လှူပူဇော်ကြပြီး ပြည်ထောင်စုဝန်ကြီးက ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။

ထို့နောက် ထီးတော်တင်လှူအောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်းပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဧည့်ပရိသတ်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ မြိုင်မြို့နယ်၊ ကျောက်တိုင်ကျေးရွာ စွန်းလွန်းဓမ္မရိပ်သာကျောင်း ဆရာတော်တိပိဋကဓရ၊ တိပိဋကကောဝိဒတိပိဋကဓမ္မဘဏ္ဍာဂါရိက အရှင်သုန္ဒရထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု (သုံးကြိမ်) ရွတ်ဆိုပူဇော်၍ အောင်မြင်စွာရုပ်သိမ်းခဲ့ပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယခုတည်ထားကိုးကွယ်သည့် သီရိမင်္ဂလာအောင်စကြာဆုတောင်းပြည့်စေတီတော်မြတ်သည် မြိုင်မြို့နယ် ကံယာကောင်းတောင်အနီး ပုသိမ်-မုံရွာကားလမ်း၊ မြိုင်-ကမ္မကားလမ်းအတိုင်း မိုင်တိုင်အမှတ် (၃၉၇/၃) အနီး စက်မှုဝန်ကြီးဌာန၊အမှတ် (၂၅) အကြီးစားစက်ရုံ (မြိုင်) နယ်မြေအတွင်း အလျား ၁၅ ပေ၊ အနံ ၁၄ ပေ၊ ဧရိယာ ၂၁၀ စတုရန်းပေခန့်ရှိ သဘာဝအလျောက်ဖြစ်ပေါ်လျက်ရှိသော ကျောက်တုံးကြီးပေါ်တွင် အုတ်မြစ်တော် (၁၉' × ၁၉')၊ ဉာဏ်တော်အမြင့် ၁၁ တောင်၊ မုခ် ၈ မုခ်၊ ရွှေတိဂုံစေတီတော်ပုံစံ တည်ထားခြင်းဖြစ်သည်။

အဆိုပါ ကျောက်တုံးကြီးမှာ စက်ရုံအနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှဆရာတော်သံဃာတော်များ၊ သက်ကြီးဝါကြီးပုဂ္ဂိုလ်များ၏ နှုတ်ထွက်စကားအရ ပုဂံခေတ်နှင့်ခေတ်ပြိုင်ကာလတွင် ယောနယ်မြေမှအပိုင်စားရသော နယ်စပ်နေရာဖြစ်ပြီးစော်ဘွားမျိုးနွယ်ရှမ်းညီအစ်မများ ရောက်ရှိကွယ်လွန်အဓိဋ္ဌာန်ပြုခဲ့ရာမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ အဆိုပါမြေနေရာနှင့်ကျောက်တုံးကြီးမှာ စက်ရုံတည်ဆောက်ခြင်းမပြုမီကပင် ထူးခြားသောပုံသဏ္ဌာန်နှင့်သက်ဆိုင်သူများအား ထူးခြားသောအိပ်မက်များ၊ ယုံကြည်စွာဆည်းကပ်ပူဇော်ပါက အဓိဋ္ဌာန်ပြီးမြောက်အောင်မြင်ခြင်းများ အစရှိသောယုံကြည်ယုက်နွယ်မှုတို့ဖြင့် ဒေသခံများကပူဇော်မှုများပြုလုပ်ခဲ့ကြပြီး စက်ရုံတည်ဆောက်စဉ်ကာလအတွင်း ထူးခြားသည့်ဖြစ်ရပ်များနှင့်ကြုံတွေ့ခဲ့ရကြောင်း သိရှိရသည်။

# အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (ပုသိမ်ဘဏ်ခွဲ) ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (ပုသိမ်ဘဏ်ခွဲ) ဖွင့်လှစ်ခြင်းအခမ်းအနားကို မတ်လ ၂၈ ရက်နေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပပြုလုပ်ရာ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ (၁)၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များတက်ရောက်ကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးဝင်းကိုကို၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ဥက္ကဋ္ဌ (၂)






အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာသန်းထွန်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ဌေးတို့က အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (ပုသိမ်ဘဏ်ခွဲ) အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ (၁)၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (ပုသိမ်ဘဏ်ခွဲ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ဘဏ်အဆောက်အဦကို အမွှေးနံ့သာရေများပက်ဖြန်းပေးပြီး ရွှေမိုးငွေမိုးရွာသွန်းပေးကာ ဘဏ်အတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အသေးစားနှင့်အလတ်စားစက်မှု

**စာမျက်နှာ ၅ သို့ -**

# မတော်လောဘတွေ လျော့ကျစေ



## အေးမြူ

ကျွန်မတို့ဆရာ ပါမောက္ခကြီးရဲ့ ပြောစကားလေးကို အလျဉ်းသင့်တိုင်းတပည့်တွေကို အမြဲထည့်ပြောဖြစ်တယ်။ 'မင်းတို့ $H_2O$ ဆိုတာနဲ့ 'Water' ဆိုတဲ့ရေကိုပြောတာ လူတိုင်းသိတယ်။ India မှာလည်း $H_2O$ က 'Water' ပဲ။ တရုတ်ပြည်သွားဦးမလား၊ ကမ္ဘာအနှံ့ ဘယ်နေရာသွားသွား '$H_2O$' ဆိုရင် 'ရေ' ဆိုတာ အမှန်တရား၊ ဘယ်တော့မှမပြောင်းဘူး။ ဒါက 'Pure Science' ဆိုတဲ့သဘော။ Social Sciences မှာတော့ လူဆိုတာပါလာပြီ။ ကာလဒေသအရ လူတွေမှာဘယ်ဟာမှ 'Constant' တည်မြဲတာမရှိဘူး။ ဒါကြောင့် လူတွေနဲ့ပတ်သက်ပြီး သုတေသနလုပ်ငန်းတွေလုပ်တဲ့အခါ တွေ့ရှိချက်အပေါ် ကောက်ချက်ချရတာ သိပ်ခက်တယ်။ အကြောင်းနဲ့အကျိုးနဲ့ဆက်နွယ်ပြရတာ ရှုပ်ထွေးမှုတွေအများကြီးရှိနိုင်တယ်'

ဒီစကားမှန်တာကို အသက်ကြီးလာလေ ပိုသိလာလေဖြစ်မယ်။ လူတစ်ဦးချင်းမှာကိုပဲ အတွေးအခေါ် အယူအဆကြိုက်တာ၊ မကြိုက်တာ ခံယူချက်သဘောတရားတွေက အချိန်နှင့်အမျှပြောင်းလဲတတ်တယ်။ ကျင်လည်လှုပ်ရှားနေတဲ့ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှု၊ အတွေ့အကြုံအကြားအမြင် တတ်သိနားလည်မှုတွေရဲ့ တွန်းအားစတဲ့ အကြောင်းအရာအမျိုးမျိုးက ပြောင်းလဲမှုကို ဖန်တီးပေးနေကြတာပဲလေ။

အကောင်းဘက်ကိုနွယ်တဲ့ ပြောင်းလဲမှုမျိုးဖြစ်အောင် လူတိုင်းအသိတရားရှိရှိနဲ့ သတိထား အားထည့်ဖို့လိုမယ်။ 'သွားချင်၊ လာချင်၊ စားချင်၊ ဝတ်ချင်' စတဲ့ဆန္ဒ၊ 'ချင်' ခြင်းတွေက ရှိနေကြဦးမှာပဲ။ လူပေပဲမို့ 'Wants' ဆိုတာတွေက အနည်းနဲ့အများ ကပ်ငြိနေမယ်။ တစ်နည်းဆိုရင်တောင် လူ့ဘဝနေထိုင်အသက်ရှင်မှုအတွက် လိုအပ်ချက် 'Needs' တွေထက် လိုအင်ဆန္ဒတွေများနေတာက လူ့ဘဝလို့ပဲဆိုနိုင်တယ်။

ချမ်းသာချင်တယ်၊ ရာထူးလိုချင်တယ်၊ ဂုဏ်ရှိချင်တယ်။ ဒါတွေအားလုံးမှာ အတိုင်းအဆလေးတော့ရှိသင့်တယ်။ မိမိလိုအပ်တာထက်ကို အဆပေါင်းများစွာ ကျော်လွန်ပြီး လိုချင်နေတာမျိုးက 'Greed' ဆိုတဲ့ လောဘစည်းပိုင်းထဲရောက်သွားပြီ။

လောကုတ္တရာရေးရှုကြသူများအတွက် လောဘနည်းအောင် ကျင့်ကြံအားထုတ်နေထိုင်သွားရမယ်ဆိုတာလည်း တရားဓမ္မစာစောင်တွေ၊ တရားပွဲတွေမှာပါ ဆရာတော်ကြီးများက အမြဲဆုံးမသြဝါဒပေး ဟောကြားတာတွေ့ရတာပဲ။ လောကီမှာတော့ လောဘမရှိရင် ဘယ်တော့မှ မကြီးပွားဘူး။ ဘဝမှာအောင်မြင်တိုးတက်ချင်ရင် လောဘလေးတော့ရှိရမယ်။ ငယ်ရွယ်စဉ်အခါ ပညာရှာချိန်၊ အရွယ်ရောက်လို့စီးပွားရှာချိန်များမှာ အတော်အသင့်ရှိရမယ့် လောဘလေးမရှိပြန်လျှင် ဒီလူအတွက်ဘဝဟာ အလကားပဲဆိုပြီး ပြောတာတွေတောင်ကြားရသေးတယ်။

လွန်ခဲ့သောနှစ်များစွာ တက္ကသိုလ်စတက်စဉ်က 'Business' ဆိုတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး မှတ်တမ်းတင် 'Documentary' အမျိုးအစားရုပ်ရှင်ကားတိုလေးကြည့်ခဲ့ရတယ်။ 'Business' ဆိုတဲ့ စီးပွားရေးလုပ်ငန်းအကြောင်း တစ်စွန်းတစ်စမှတောင် သိပုံမပေါက်ကြတဲ့ ကျွန်မတို့အတန်းက နယ်ကျောင်းသားတွေအဖို့ အမေရိကန်ပြည်ထောင်စုကြီးရဲ့ 'Industrial Revolution' နောက်ပိုင်းခေတ်များဆီမှ စီးပွားရေးလုပ်ငန်းကြီးတွေ ဖွံ့ဖြိုးတိုးတက်လာပုံများကိုကြည့်ရတာ အားလုံးအသစ်အဆန်းကြီးပါပဲ။ Entrepreneurs ခေါ်တဲ့ စွန့်ဦးတီထွင်သူတွေ၊ လုပ်ငန်းသေးသေးလေးများကနေ တစ်ဆင့်ပြီးတစ်ဆင့် 'Giants' ခေါ် ကော်ပိုရေးရှင်းကြီးတွေအဖြစ် တိုးတက်ပြောင်းလဲသွားတာတွေကို စက်မှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာရှုထောင့်တွေမှ ရိုက်ပြသွားတာဖြစ်ပါတယ်။

စီးပွားရေးလောကမှ 'Small is beautiful' ဆိုတဲ့ သဘောတရားကို လက်ဆုပ်မကိုင်ကြမီ 'Bigger is stronger' ဆိုတဲ့ စီးပွားရေးသဘောတရားနဲ့ ကော်ပိုရေးရှင်းကြီးတွေအဖြစ် အားကြီးလာကြပုံကို ညွှန်းထားတယ်။ အဆုံးမှာတော့ ဒီလိုတိုးတက်ပြောင်းလဲလာရတဲ့ ဖြစ်စဉ်တွေရဲ့အကြောင်း နောက်ခံက 'GREED' ဆိုတဲ့ လောဘပါပဲဆိုတာလေးနဲ့ နိဂုံးချုပ်ထားတယ်။

တွေးကြည့်ကြမယ်ဆိုရင် 'အတ္တ' ဆိုတာက လောဘဆီဦးတည်နေတယ်ဆိုတာ တွေ့နိုင်မယ်။ တလောက စာစောင်ဂျာနယ်တစ်ခုမှာ 'ပရဟိတ' ကို ရောင်းစားနေသူများဆိုပြီး ပရဟိတအလုပ်ကို ဗန်းပြပြီး ကိုယ်ကျိုးအတ္တအတွက် အမြတ်ထုတ်နေကြသူတွေရှိတဲ့အကြောင်း ရေးထားတယ်။ အတ္တနဲ့ပရကို မျှတစွာခံယူကျင့်သုံးနိုင်သူမျိုးမှသာ လောဘသားကောင်အဖြစ်မှ ရှောင်ရှားနိုင်မယ်။ 'အများအကျိုးရွက်သယ်ပိုး' ရင် ကိုယ့်အကျိုးတွေလည်း အနေနှင့်အမြန်ပြည့်လာမှာအမှန်ပါပဲ။ သူများအတွက် ဘယ်လိုကူညီနိုင်မလဲဆိုပြီး အမြဲအခွင့်အလမ်းရှာနေတဲ့သူက 'ဒါလုပ်ရင် ငါ့အတွက် ဘာရမလဲ' ဆိုတဲ့ စိတ်ကူးစိတ်သန်းရှိသူထက်ကို အများကြီးတန်ဖိုးပိုရှိတဲ့လူဖြစ်တယ်။ ကိုယ်စိတ်နှစ်ပါးရွှင်လန်းမယ်။ ဗုဒ္ဓဘာသာတရားတော်အရ ကံနဲ့ကံ၏အကျိုးကိုယုံကြည်ရင်တော့ ဒီလိုစိတ်စေတနာကောင်းတဲ့သူအဖို့ ကောင်းမှုကံတွေ မျိုးစေ့ချပေးတာနဲ့တူပါတယ်။

'ချမ်းမြေ့မြိုင်' ဆရာတော်ကြီးဟောသလိုပါပဲ။ မိမိတို့ရဲ့ Mobile Phone ကို နေ့တိုင်း Charging သွင်း အားဖြည့်ပေးသလို၊ မိမိတို့ရဲ့ ကောင်းမှုကုသိုလ်ဆက်ကို မပြတ်ရလေအောင် အားဖြည့်ပေးတဲ့သဘောသက်ရောက်ပါတယ်။

လောဘဇောကြောင့် လူတွေဒုက္ခရောက်ကြတဲ့ အဖြစ်အပျက်တွေက တစ်ပုံတစ်ပင်ပါ။ မှုခင်းဂျာနယ်သတင်းစုံတွေဖတ်ကြရင်လည်း လူတွေနည်းမျိုးစုံနဲ့ အလိမ်ခံရတာ အရင်းခံမှာ လောဘစိတ်ကြောင့်ဖြစ်တယ်ဆိုတာသိကြမယ်။ ဆရာ၊ ဆရာမ၊ လူကြီးသူမများကို ကန်တော့ကြရင် တစ်ချို့က ကန်တော့ကြရတဲ့အကျိုးကြောင့် 'ကောင်းကျိုး လိုအင်ဆန္ဒတွေတစ်လုံးတစ်ဝတည်း ပြည့်စုံစေကြောင်း' ဆုတောင်းပေးကြတယ်။ ကောင်းကျိုးဖြစ်စေမယ့်ဆန္ဒတွေပဲ ပြည့်စေချင်ကြတာပါ။ မကောင်းကျိုးသက်ရောက်စေမယ့် လိုအင်ဆန္ဒတွေပြည့်အောင်တော့ ဘယ်လူကြီးကမှ ဆုတောင်းပေးချင်မှာမဟုတ်ဘူး။

Bhagavad Gita ဆိုတဲ့သူက ပြောခဲ့တဲ့စကားလေးက အလွန်မှန်ပါတယ်။ 'Hell has three gates : Lust, Anger, and Greed' ငရဲရောက်ဖို့ ဂိတ်ဝ ၃ ခုရှိတာမှာ Lust ဆိုတဲ့ အပျော်အပါး အထူးခုံမင်စွဲလမ်းမှု၊ Anger ဆိုတဲ့ အမျက်ဒေါသနဲ့ Greed ဆိုတဲ့ လောဘဆိုတာပါပဲ။ နောက်ထပ် Google Search လုပ်ပြီး 'Greed' နဲ့ဆက်နွယ်တဲ့ Finest Quotes တွေကြည့်မိတယ်။ ထင်ရှားကျော်ကြားအောင်မြင်ခဲ့သူတွေရဲ့ ပြောစကားတွေက လူငယ်လူကြီးအားလုံးအတွက် ယူတတ်ရင်အထူးတန်ဖိုးရှိတဲ့ စကားများဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာ လေ့လာနေသူများအတွက် အသုံးတည့်စေဖို့ မူရင်းစာကြောင်းလေးကို အရင်ဆုံးဖော်ပြလိုက်ပါတယ်။

'All human suffering springs from unbridled desire. Unless one extricates oneself from the clutch of greed, one will not free himself from the fetters of sorrow'

မြင်းတွေမှာ ထိန်းတဲ့မြင်းဇက်ကြိုးကို 'Bridle' လို့ခေါ်တော့ 'Unbridled desire' ဆိုရင် အထိန်းအကွပ်မရှိတဲ့လိုအင်ဆန္ဒတွေလို့ အဓိပ္ပာယ်ကောက်နိုင်တယ်။ တစ်နည်းပြောရင် လူတွေရဲ့လောဘပါပဲ။ ဒီအထိန်းအကွပ်မရှိတဲ့ လိုအင်ဆန္ဒလောဘကြောင့် 'Sufferings' ခေါ်တဲ့ နာကျင်ခံစားမှုဝေဒနာဖြစ်တယ်။ ဒါကြောင့် ဒီလိုအင်ဆန္ဒတွေကို ထိန်းကွပ်နိုင်မှ ဒီလောဘနယ်ထဲက ရုန်းထွက်နိုင်ပါမှ လူတွေအဖို့ ဝမ်းနည်းပူဆွေးရတာတွေနဲ့ ကင်းဝေးမယ်လို့ဆိုထားတာပဲဖြစ်ပါတယ်။

လက်ညှိုးနှင့်ထိသမျှ ရွှေဖြစ်ချင်တယ်ဆိုပြီး ဆုတောင်းခဲ့တဲ့ ဘုရင်ကြီးရဲ့ပုံပြင်ကိုလည်း ကြားဖူးကြမယ်။ နောက်ဆုံးသမီးတော်လေးရော၊ စားမယ့်အစားအစာအကုန်လုံး ထိလိုက်သမျှရွှေဖြစ်ကုန်တော့ အခက်ကြုံဒုက္ခရောက်မှ မိမိလောဘဆိုးကျိုးကို သဘောပေါက်သွားတယ်။ ဒီပုံပြင်လေးလိုပဲ လောဘနောက်အလိုက်မှားမိတဲ့ ဝတ္ထုဇာတ်ကြောင်းလေးတစ်ခု ဖတ်လိုက်ရသေးတယ်။ စာရေးသူအမည်တော့ မပါဘူး။ အာလာဒင်နဲ့ဆီမီးခွက်ပုံပြင်ဆန်ဆန်တန်ခိုးရှိတဲ့ ခွက်လေးတစ်ခု (Magic Cup) ကို အမှတ်မထင်ရလိုက်တဲ့ ဆင်းရဲသားလူငယ်တစ်ယောက်အကြောင်းပါ။ ဆင်းရဲပေမဲ့ ဇနီးသည်နဲ့အတူ ဘဝကိုကြိုးကြိုးစားစား ရုန်းကန်နေသူပါ။ စိတ်ထားကောင်းသူမို့ ဘဝကိုလည်းအကောင်းမြင်

စာမျက်နှာ ၅ သို့ -

**စာမျက်နှာ ၃ (ပုသိမ်ဘဏ်ခွဲ) မှ -**

လုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (Small & Medium Industrial Development Bank-SMIDB) များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ မုံရွာ၊ ပြည်၊ ပခုက္ကူ၊ မူဆယ်၊ ဘားအံ၊ မြဝတီစသည့်မြို့ကြီးများတွင် ဖွင့်လှစ်ထားရှိပြီး၊ ယခုဖွင့်လှစ်သည့် ပုသိမ်ဘဏ်ခွဲသည် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်များ၏ ၁၄ ခုမြောက်ဘဏ်တစ်ခုဖြစ်ကာ မကြာမီမော်လမြိုင်ဘဏ်ခွဲကိုလည်း ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်များအနေဖြင့် အခြားဘဏ်များနည်းတူ စာရင်းရှင်အပ်နှံခြင်း၊ စာရင်းသေအပ်နှံခြင်း၊ ငွေစုဘဏ်လုပ်ငန်း၊ ငွေလွှဲလုပ်ငန်း၊ နိုင်ငံခြားငွေလဲလှယ်ခြင်းလုပ်ငန်းများသာမက ချေးငွေများ ထုတ်ချေးရာတွင်လည်း ရိုးရိုးငွေချေးခြင်း (၁၃% အတိုး) အပြင် SME လုပ်ငန်းများအတွက်လည်း ငွေထုတ်ချေးပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် SME လုပ်ငန်းရှင် ၆၂ ဦးထံသို့ ချေးငွေကျပ် ၁၀ ဘီလီယံကို အတိုးနှုန်း ၈.၅% ဖြင့် ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၈.၅ % အတိုးဖြင့် ကျပ် ၂၀ ဘီလီယံကိုလည်း ထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

# စက်မှုဝန်ကြီးဦးဆောင်သည့်အဖွဲ့ ကိုရီးယားနိုင်ငံသို့လေ့လာရေး ခရီးသွားရောက်

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များဆွေးနွေးရန်နှင့် စက်မှုလုပ်ငန်းများလေ့လာရန် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ဦးဆောင်၍ စက်မှုစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်နှင့် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း (ပြည်ထောင်စုဝန်ကြီးရုံးတွဲဖက်) ညွှန်ကြားရေးမှူး ဦးကျော်သီဝတို့သည် ကိုရီးယားသမ္မတနိုင်ငံသို့ မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၅ ရက်နေ့အထိ သွားရောက်ခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၂ (မှန်ရည်ကျိုမီးဖို) မှ -**

Result Base ကို အခြေခံရမှာဖြစ်ကြောင်း၊ အဓိကအောင်မြင်ချင်တဲ့ စိတ်ဆန္ဒပြင်းပြဖို့ပဲလိုကြောင်း၊ မီးဖိုတည်ဆောက်မှုအပိုင်း ပြီးစီးတော့မည်ဖြစ်သော်လည်း ထုတ်လုပ်မှုအပိုင်းအတွက် အားသစ်အင်သစ်များမွေးမြူပြီး ဆက်လက်ကြိုးစားသွားကြရမှာဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ Colour မှန်များကိုလည်း ထုတ်လုပ်နိုင်ရေးကြိုးစားသွားကြရမှာဖြစ်ကြောင်း လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်း မှန်ရည်ကျိုမီးဖိုတည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို အသေးစိတ်ကြည့်ရှုစစ်ဆေးကာ ကုန်ကျစရိတ်အသက်သာဆုံးဖြင့် လုပ်ငန်းအောင်မြင်အောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြသော ဝန်ထမ်းများအားဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ပုသိမ်မှန်စက်ရုံသည် ၁၉၇၉ ခုနှစ်မှစတင်၍ မှန်အကြည်များကို တစ်ရက်လျှင်မှန် ၃၀ တန်ထုတ်လုပ်နိုင်ခဲ့သော စက်ရုံဖြစ်ကြောင်း၊ မှန်ရည်ကျိုမီးဖိုများ၏သဘောသဘာဝအရ မီးဖိုသက်တမ်း ၄ နှစ်ကျော်ကာလအတွင်းမှန်များကို စဉ်ဆက်မပြတ်ထုတ်လုပ်ရပြီး အဆိုပါမီးဖိုသက်တမ်းကုန်ဆုံးပါက ကုန်ထုတ်လုပ်မှုကိုရပ်နား၍ မီးဖို၏ယိုယွင်းပျက်စီးသွားသော မီးခံအုတ်များကို အစားထိုးလဲလှယ်လျက် မီးဖိုကိုပြန်လည်တည်ဆောက်ရကြောင်း၊ ထိုကဲ့သို့ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းကို ၄ ကြိမ်ဆောင်ရွက်ခဲ့ပြီး နိုင်ငံခြားငွေအခက်အခဲကြောင့် မီးဖိုပြန်လည်ပြုပြင်နိုင်မှုမရှိဘဲ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှစ၍ မှန်ထုတ်လုပ်မှုများရပ်ဆိုင်းခဲ့ရကြောင်း၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ စက်ရုံဝန်ထမ်းများ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကိုရယူပြီး ကိုယ့်အားကိုယ်ကိုးဖြင့် မှန်ရည်ကျိုမီးဖိုကို ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ကြောင်း၊ ပြည်ထောင်စုဝန်ကြီးမှ ယခုကဲ့သို့မီးဖိုကြီးပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံခြားငွေများစွာ ခြိုးခြံချွေတာနိုင်ခဲ့ကြောင်း၊ ဝန်ထမ်းများ၏ကျွမ်းကျင်မှု၊ ကြိုးစားမှု၊ ကြံ့ရည်ဖန်ရည်ရှိမှုနှင့် စေတနာကိုအသိအမှတ်ပြုကြောင်း၊ မကြာမီကာလအတွင်း စက်ရုံပြန်လည်လည်ပတ်နိုင်ရန် အတွက် လိုအပ်သည်များကို အသေးစိတ်ပြင်ဆင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မီးဖိုအတွက် လိုအပ်သည့်မီးခံအုတ်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပမှမှာယူတင်သွင်းပါက အမေရိကန်ဒေါ်လာ ၂.၅ သန်းခန့်ကုန်ကျနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေကုန်ကျမှုမရှိစေရန်နှင့် နိုင်ငံခြားသားပညာရှင်များ၏ အကူအညီမယူဘဲ စက်ရုံဝန်ထမ်းများနှင့် ကျွမ်းကျင်ဝန်ထမ်းဟောင်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မီးဖိုကြီးအား ပြန်လည်တည်ဆောက်ခဲ့ရာ ၉၅ % ပြီးစီးနေပြီဖြစ်ကြောင်း၊ မကြာမီစက်ရုံကြီးပြန်လည် လည်ပတ်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သာပေါင်းမြို့နယ်ရှိ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများက စက်ရုံဆိုင်ရာအချက်အလက်များ Double A (1991) Public Co., Ltd. Thailand သို့နှစ်ရှည်ငှားရမ်းခြင်းဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ၊ တစ်နေ့တန် ၆၀ CDMP သတင်းစာစက္ကူစက်ရုံ (စီမံကိန်း) အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်နှင့်ဝန်ထမ်းများအကြား Industrial Relation ကောင်းမွန်ရေး၊ ဝန်ထမ်းများ ခံယူချက်မှန်ကန်မှုရှိစေရေး၊ မိမိတို့အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေး၊ ငှားရမ်းကုမ္ပဏီအနေဖြင့်လည်း လုပ်ငန်းအစီအစဉ်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်ရေး၊ စက်ရုံကြီးပြန်လည် လည်ပတ်မှသာ တိုင်းပြည်၏ကုန်ထုတ်တန်ဖိုးမြင့်တက်လာပြီး တန်ဖိုးရှိလာမှာဖြစ်သည့်အတွက် စက်ရုံကြီးအမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ တန် ၆၀ သတင်းစာစက္ကူစက်ရုံ စီမံကိန်းလုပ်ငန်းများ သတ်မှတ်လျာထားချက်အတိုင်း ပြီးစီးရေး၊ သတ်မှတ် Quality များရှိစေရေး၊ စက်ရုံနှင့် ဝန်ထမ်းအိမ်ရာများတွင် စိမ်းလန်းစိုပြည်စေရေးတို့ကို လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) တွင် တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက္ကူစက်ရုံနှင့် တစ်နေ့တန် ၅၀ အဆင့်မြင့်စက္ကူစက်ရုံအပြင် တစ်နေ့တန် ၆၀ သတင်းစာစက္ကူစက်ရုံစီမံကိန်းကို Tianjin Machinery Import & Export Corporation (China) ဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှစ၍ စီမံကိန်းလုပ်ငန်းများစတင်ခဲ့ရာ ၈၀ %ကျော်ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၄ (မတော်လောဘတွေ လျှော့ကျစေ) မှ -**

များနဲ့ ပျော်ပျော်ရွှင်ရွှင်နေလာသူဖြစ်လို့ ဝမ်းနည်းပူဆွေး မျက်ရည်ကျငိုကြွေးခြင်းမျိုးလည်း မရှိခဲ့ဘူး။

သူ့ရဲ့ Magic Cup လေးက သူငိုလို့ ခွက်ထဲကျတဲ့ မျက်ရည်စက်တွေအားလုံး ပုလဲလုံးတွေဖြစ်ကုန်တဲ့ တန်ခိုးရှိပါသတဲ့။ မျက်ရည်ပုံစံပြောင်း ပုလဲလုံးတွေနဲ့ ကြွယ်ဝချမ်းသာမှုနောက်လိုက်ရင်း၊ ဒီလူငယ်ဟာ ဝမ်းနည်းပူဆွေးကြေကွဲမှုတွေ ဖန်တီးလုပ်ဆောင်ရင်း မျက်ရည်ကျအောင် တစ်နေ့ပြီးတစ်နေ့ကြိုးစားတယ်။ ပုလဲလုံးတွေ တောင်လိုပုံလာသလို သူ့ရဲ့လောဘကလည်း အထွဋ်အထိပ်ရောက်လာတယ်။

ပုံပြင်လေးအဆုံးသတ်က ရုပ်ပုံလေးနဲ့ တွေးစရာ အပြည့်ပါ။ တောင်လောက်ရှိတဲ့ ပုလဲလုံးပုံကြီးဘေးက လူငယ်လေးခြေဆင်းထိုင်နေတယ်။ လက်ထဲမှာက သွေးစွန်းပြီးသားဓားတိုတစ်လက်၊ လှိုက်လှိုက်လှဲလှဲငိုကြွေးရင်း မျက်ရည်စက်တွေက သူ့ Magic Cup ထဲကျလို့ သူ့ပေါင်ပေါ်မှာတော့ တစ်ကိုယ်လုံးဓားဒဏ်ရာဗလပွနဲ့ ဇနီးသည်ရဲ့ရုပ်ခန္ဓာကိုယ်က ရှိနေလေရဲ့။

ဆင်ခြင်တွေးတောတတ်သူတိုင်း လောဘရဲ့ဆိုးကျိုးတွေမြင်နိုင်မယ်။ ပညာရှာချိန်၊ ဥစ္စာရှာချိန်မှာ သင့်လျော်မှန်ကန်တဲ့ Ambition မြင့်မြင့်ထားပြီး၊ အားထည့်ကြိုးစားဖို့လိုတာတော့အမှန်။ ဒါပေမဲ့ မတော်မတရား၊ မမှန်မကန်နည်းလမ်းနဲ့ တစ်ပါးသူကို ခြေထိုး၊ ချောက်တွန်းဖိနှိပ်ကျော်လွှားပြီး၊ အတ္တကဲ လောဘနောက်အတင်း မလိုက်ဖို့အရေးကြီးပါတယ်။

တရုပ်ပညာရှိ 'Lao Tzu' ရဲ့စကားလေးနဲ့ လူတိုင်းတန်ဖိုးရှိတဲ့ဘဝကို ရယူပိုင်ဆိုင်နိုင်ကြစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

'Manifest Plainness
Embrace Simplicity
Reduce Selfishness
Have few desires'

အနီးစပ်ဆုံးမြန်မာမှုပြုရင် **'ဆန်းပြားမရှိ၊ ရိုးရိုး ရှင်းရှင်း၊ ပွင့်လင်းလွယ်ကူ၊ နည်းစေကိုယ်ကျိုး၊ ဆန္ဒမျိုးထွေ၊ လျှော့ကျစေ'**

သတင်း

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စက်မှုဝန်ထမ်းဟောင်းများအသင်း ပထမအကြိမ် အသင်းသားစုံညီအစည်းအဝေးသို့တက်ရောက်

ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် စက်မှုဓမ္မာရုံတွင် စက်မှုဝန်ထမ်းဟောင်းများအသင်း၏ ပထမအကြိမ်အသင်းသားစုံညီ အစည်းအဝေးကို မတ်လ ၂၉ ရက်နေ့ နံနက် ၉ နာရီခွဲတွင်ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ယခင်အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီးဟောင်းများဖြစ်ကြသော ဦးတင့်ဆွေ၊ ဦးအောင်သောင်း၊ ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ယခင် အမှတ် (၁) နှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးဟောင်းများဖြစ်ကြသော ဦးသန်းထွန်း၊ ဦးခင်မောင်ကျော်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စက်မှုဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယခင်အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဟောင်း ဦးတင့်ဆွေက သြဝါဒစကားမြွက်ကြားရာတွင် အသင်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ အကြံပြုချက်များရှိပါက တာဝန်ရှိသူများက လေးလေးနက်နက် စဉ်းစား အကောင်အထည်ဖော်ဆောင်ရွက်ပေးရေး၊ အသင်းကြီး၏ ၃ လပတ်၊ ၆ လပတ်၊ နှစ်ပတ်လည် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ပြီး အစီရင်ခံစာများကို စနစ်တကျပြုစုတင်ပြရေးတို့ကို လမ်းညွှန်မှာကြားသည်။


ဆက်လက်၍ ယခင်အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဟောင်း ဦးအောင်သောင်းကလည်း စည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ကော်မတီဝင်များက လုပ်ကိုင်ဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း၊ အသင်းကြီးအမြဲရှင်သန်ရပ်တည်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီကြိုးစားပေးသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အမှာစကားပြောကြားရာတွင် ဝန်ထမ်းဟောင်းများအနေဖြင့် တစ်ချိန်ကမိမိတို့ ဝန်ကြီးဌာန တိုးတက်အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသူများဖြစ်ပြီး၊ ထိုအချိန်က ဝန်ကြီးဌာနသည် မိဘ၊ ဝန်ထမ်းများသည် သားသမီးသဖွယ်ဖြစ်ခဲ့ရာမှ ယခုအခါဝန်ထမ်းဟောင်းများက မိဘသဖွယ်ဖြစ်ပြီး၊ ဝန်ကြီးဌာနက သားသမီးပြန်ဖြစ်သွား၍ သားသမီးများက မိဘကိုပြန်လည်ကျေးဇူးဆပ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် တစ်ဖက်မှလည်း ဝန်ထမ်းဟောင်းများ၏အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရေး၊ ဝန်ထမ်းဟောင်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် လူမှုပတ်ဝန်းကျင်မှဖယ်ခွာသွားပြီး စိတ်ဓာတ်မကျဆင်းစေရေးတို့အတွက် အသင်းကြီးအား ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ စက်မှုဝန်ထမ်းတပ်ဖွဲ့စိတ်ကို မွေးမြူထိန်းသိမ်းသွားစေလိုကြောင်း၊ ဝန်ထမ်းဟောင်းများ၏ အတွေ့အကြုံများကို အလေးထားတန်ဖိုးထားပါကြောင်းနှင့် မိမိတို့ဝန်ကြီးဌာန ကောင်းရာကောင်းကျိုးများကို အကြံပြုပေးစေလိုကြောင်း၊ အသင်းကြီး၏အခြေခံအုတ်မြစ်ခိုင်မာရေးနှင့် ဆက်လက်ရှင်သန်ကြီးထွားရေးတို့အတွက် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီး (ငြိမ်း) ဦးခင်မောင်ကျော်က အသင်းဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်၊ လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အလှူငွေများပေးအပ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီးဟောင်းများ၊ ပြည်ထောင်စုဝန်ကြီးများ၊ စေတနာရှင်ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက အသင်းရန်ပုံငွေအတွက် အလှူငွေများပေးအပ်ခဲ့ကြသည်။

နိုင်ငံတော်၏စက်မှုကဏ္ဍတိုးတက်ရေး ဆွေးနွေးပွဲများတွင် ပါဝင်အကြံပြုဆွေးနွေးနိုင်ရန်၊ သာရေး၊ နာရေး၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စများ စုစည်းဆောင်ရွက်နိုင်ရန်၊ နိုင်ငံသမိုင်းတစ်လျှောက် စီမံခန့်ခွဲပုံစနစ်များအကြောင်း၊ လက်ဆင့်ကမ်းနိုင်ရန် ရည်ရွယ်ချက်များဖြင့် စက်မှုဝန်ထမ်းဟောင်းများအသင်းကို ၂၀၁၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့ရာ ယနေ့အချိန်ထိ ရာသက်ပန်အသင်းဝင် ၄၇ ဦးအပါအဝင် အသင်းဝင် ၁,၀၀၀ ကျော်ရှိနေပြီး အသင်းဝင်များထပ်မံတိုးပွားလာစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းကြီးအား ဂုဏ်ထူးဆောင်နာယကအဖွဲ့၊ နာယကအဖွဲ့၊ အမှုဆောင်အဖွဲ့၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ၊ သာရေး၊ နာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ အသင်းဝင်များစုစည်းရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီများဖြင့် စနစ်တကျဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ယနေ့ကျင်းပသည့် အသင်းသားစုံညီအစည်းအဝေးသို့ ဂုဏ်ထူးဆောင်နာယကများ၊ အမှုဆောင်များအပါအဝင် စက်မှုဝန်ထမ်းဟောင်းများ ၅၀၀ ဦးခန့်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ဂျပန်နိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့် Dome House အဆောက်အဦနှင့် ပတ်သက်၍လာရောက်ဆွေးနွေး



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျပန်နိုင်ငံ FUJI TAKESAGO SAKE BREWERY မှ ဥက္ကဋ္ဌ Mr. Lee Tasoon ဦးဆောင်သောအဖွဲ့နှင့် Silver Wave Trading Ltd. မှ Managing Director ဦးမင်းမင်းအောင် ဦးဆောင်သောအဖွဲ့တို့သည် မတ်လ ၂၅ ရက်နေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး ဂျပန်နိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့် Dome House အဆောက်အဦသည် ကမ္ဘာ့ပထမဆုံးနည်းပညာဖြင့် ဆောက်လုပ်ထားသော အဆောက်အဦပုံစံဖြစ်ပြီး၊ အပူပိုင်းဒေသများအတွက် အထူးသင့်လျော်ပါကြောင်း၊ ကုန်ကြမ်းအား ဖော့ဖြင့်အသုံးပြုထားပြီးတာရှည်ခံခြင်း၊ မီးလောင်မှုမလွယ်ကူခြင်း၊ ပိုးမွှားဒဏ်ကင်းဝေးခြင်း၊ ငလျင်ဒဏ်ခံနိုင်ခြင်း၊ ဈေးနှုန်းသက်သာမှုရှိခြင်း စသည့် အားသာချက်များရှိကြောင်း၊ ဟိုတယ်၊ Restaurant ၊ စိုက်ပျိုးရေးလုပ်ငန်း၊ တပ်မတော်သားများနေထိုင်ရေးတို့အတွက် သင့်လျော်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ စက်မှုစီမံကိန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်နှင့်တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ FUJI TAKESAGO SAKE BREWERY ဥက္ကဋ္ဌ၊ VB Dome Japan Co., Ltd. မှ President Mr. Sano Koichiro နှင့် တာဝန်ရှိသူများ၊ Silver Wave Tranding Ltd. မှ Managing Director နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

# ကြိုးမဲ့ချည်တိုင်များအတွက် အတွေးမြစ်ဖျား




လေနုအေးတွေက မြစ်ပြင်ကိုတို့ခတ်ကျီစယ်ပြီး လှိုင်းကြက်ခွပ်လေးတွေဖြစ်စေတာကို ဒီနေရာလေးကနေ ငေးမောလို့ရတယ်။ ကျေးငှက်သာရကာတို့ရဲ့ ဘာသာဘာဝတေးဖွဲ့ကျူးရင့်မှုတွေကို မိန့်မိန့်ကြီး နားဆင်လို့ရတယ်။ ဟိုးတစ်ဖက်ကမ်းက စိမ်းတစ်ကွက် ဝါတစ်ကွက်ယာခင်းတွေ၊ လက်ပံတောကြီးတွေ၊ သရက်တောကြီးတွေ၊ ထိုးထိုးထောင်ထောင်မြင်နေရတဲ့ ထန်းတောတွေကို လှမ်းမျှော်ကြည့်ပြီး စိတ်အေးချမ်းမှုရယူလို့ဖြစ်တယ်။ ဒီနေရာလေးကနေ စေတီပုထိုးတွေဆီက ဆည်းလည်းသံချိုချိုတွေကို သာယာနာပျော်စွာကြားလို့ရတယ်။ မျိုးချစ်စိတ်ဓာတ်ရင့်သန်တက်ကြွစေမယ့် စစ်သူကြီးမဟာဗန္ဓုလမြင်းစီးရုပ်ထု အရိုးအိုးစေတီနဲ့ဂူဗိမာန်ကို ဦးညွှတ်လို့ရတယ်။ မလွန်မြို့ရဲ့ကျက်သရေဆောင် မြသပိတ်ဘုရားကိုဖူးမြော်ရင်း တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတုန်းက မြသပိတ်ဘုရားကုန်းတော်ကိုခံတပ်အဖြစ်တည်ကာ အမျိုးဘာသာသာသနာအတွက် အသက်စွန့်တိုက်ပွဲဝင်နေကြတဲ့ ရှေးမြန်မာတို့ရဲ့ပုံရိပ်တွေကို တွေးဆပုံဖော်လို့ရတယ်။

ဒီနေရာလေးက မွန်းကြပ်ပိတ်ဆို့နေတဲ့ စိတ်အိမ်ကိုပြတင်းပေါက်တွေဖောက်လို့ လှင့်ပစ်နိုင်စွမ်းရှိတယ်။ မြင်တွေ့နေရတဲ့သဘာဝ ပန်းချီကားလေးကို စိတ်ကူးယဉ်ခံစားရင်း စိတ်အတွေးများကွန့်မြူးကြည်လင်စေတဲ့ ဒီနေရာလေးကို ကျွန်တော်စွဲလမ်းတပ်မက်ခဲ့ပါတယ်။ စိတ်အစာကျွေးရန် စိတ်စားကျက် စိတ်ရဲ့ချည်တိုင်အဖြစ်သတ်မှတ်ကာ စိတ်အာဟာရဖြည့်တင်းပေးသော 'စိတ်၏ချည်တိုင်' လို့ အမည်ပေးခဲ့ပါတယ်။

လုပ်ငန်းခွင်ထဲမှာ ပင်ပန်းနွမ်းနယ်မှုဖြစ်တဲ့အခါမျိုး စိတ်ရှုပ်ထွေးမွန်းကြပ်မှုဖြစ်တဲ့အခါမျိုးမှာ လက်စွဲတော်ဂစ်တာလေးကို ပခုံးထက်မှာထမ်း အဆိုတော်ပေါင်းစုံရဲ့ သီချင်းစာအုပ်တွေ၊ စိတ်ကူးရရင် ကဗျာတွေ၊ သီချင်းတွေရေးရန် ဘောလ်ပင်နဲ့စာအုပ်တွေကို လွယ်အိတ်ထဲထည့်လွယ်ကာ စိတ်၏ချည်တိုင်ဒီနေရာလေးကို ရောက်မြဖြစ်ပါတယ်။

စိတ်၏ချည်တိုင် ဒီနေရာလေးကို ရောက်ရင် အနီးနားမှာရှိတဲ့ 'လေးကျွန်းစကြာစေတီ' ကိုဦးဆုံးဖူးမြော်မယ်။ ပြီးရင် ဧရာဝတီမြစ်ကြီးကို တစိမ့်စိမ့်ကြည့်ကာ အဆိုတော် ထူးအိမ်သင်ရဲ့ 'ရာဇဝင်များရဲ့သတို့သမီး'၊ ခင်ဝမ်းရဲ့ 'ဧရာဝတီ' စတဲ့ သီချင်းတွေသီဆိုပြီး ဂုဏ်ပြုမယ်။ လေထုရဲ့ချစ်ခြင်းအားနဲ့ ကျီစယ်မှုကြောင့် မြစ်ရေပြင်မှာဟန်ဆောင်ဒေါသလေး ထွက်ပြမှုမှ တစ်ဆင့် ဖြစ်တည်သွားသောလှိုင်းကြက်ခွပ်များကိုကြည့်ပြီး ခင်မောင်တိုးရဲ့ 'ဝေးခဲ့ပြီ ပန်းခရမ်းပြာ' ကိုသီဆိုမယ်။ အဆိုတော်ဗဒင်ရဲ့ 'နေရာ (၁)၊ နေရာ (၂)' သီချင်းတွေကို ဆိုမယ်။ အပြင်းစားရော့ခ်သီချင်းတွေ ပေါက်ကွဲပစ်မယ်။ အနီးနားကိုအတီးမပါ ဗလာသက်သက် အသံပါဝါလာပြနေတဲ့ငှက်လေးတွေကို သနားသောအားဖြင့် ဂစ်တာသံစဉ်လိုက်ပေးမယ်။ စိတ်ကူးရရင် ကဗျာတွေ၊ သီချင်းတွေရေးမယ်။

စိတ်တွေကို လွတ်လပ်စွာပျံသန်းစေရင်းက ညောင်းညာလာခဲ့ရင် ခဏတဖြုတ်ကျောဆန့်ရင်း မိုးကောင်းကင်ပြာကြီးနဲ့ မျက်နှာခြင်းဆိုင်မယ်။ တစ်ခါတစ်ရံ ကောင်းကင်နဲ့ကျွန်တော်နဲ့ကြားကို ဝင်လာတတ်တဲ့ ငှက်လေးတွေကိုကြည့်ပြီး အမျိုးအမည်ခွဲခြားကြည့်နေမယ်။ အဲဒီငှက်လေးတွေ ဘယ်ဆီပျံသန်းကြမလဲဆိုတာ သိချင်ဇောနဲ့စိတ်ဝိညာဉ်အား အသုံးချပြီးလိုက်ကြည့်ချင်တဲ့ ရူးသွပ်ခြင်းအတွေးကိုပြုလုပ်မယ်။ မျက်လုံးအစုံကိုမှိတ်ပြီး အတွေးအမြင်အာရုံတွေကို အမှောင်ချလိုက်မယ်။ မလှုပ်မယှက် ငြိမ်ငြိမ်လေးနေရင်းက အကြားအာရုံတွေကို ပိတ်ဆို့နိုင်အောင်ကြိုးစားရင်း အိပ်ပျော်သွားမယ်။ အိပ်ယာကနိုးတဲ့အခါ တစ်ကိုယ်လုံးလန်းဆန်းပေါ့ပါးနေပြီး ရှုပ်ထွေးနောက်ကျိနေတဲ့ စိတ်အညစ်အကြေးတွေ ကုန်ဆုံးသွားတာကို ခံစားရမယ်။ ဒါတွေဟာ စိတ်၏ချည်တိုင်လို့ ကျွန်တော်အမည်ပေးထားတဲ့နေရာလေးကပေးစွမ်းတဲ့ စိတ်အာဟာရ ဓာတ်စာတွေပဲဖြစ်ပါတယ်။

ဘဝဇာတ်ဆရာအလိုကျ လောကဇာတ်ခုံပေါ်မှာကပြရင်း ကျွန်တော်ရဲ့ စိတ်၏ချည်တိုင်နဲ့ဝေးကွာစေတဲ့ ဇာတ်ဝင်ခန်းကိုလေးနှစ်တိုင်တိုင် လွမ်းလွမ်းဆွေးဆွေးကပြခဲ့ရပါတယ်။ မိုးဦးကျလယ်ယာလုပ်ငန်းခွင်ဝင်တဲ့အချိန်တိုင်း ချည်တိုင်ဟောင်းကိုသတိရတတ်တဲ့ အဝေးရောက်နွားများလို စိတ်မွန်းကြပ် ပိတ်လှောင်မှုဖြစ်တဲ့အခါတိုင်း ကျွန်တော်ရဲ့စိတ်၏ချည်တိုင်နေရာလေးကို လွမ်းဆွတ်တမ်းတသတိရမိပါတယ်။

၂၀၁၃ ခုနှစ်ရဲ့ ငွေရောင်နှင်းပွင့်တွေမင်းမူထကြွသော ဆောင်းရက်တစ်ရက်မှာ ကျွန်တော့်ရဲ့ စိတ်၏ချည်တိုင်လေးရှိရာ မွေးရပ်ဌာနေမလွန်မြေကို ပြန်လည်ရောက်ရှိခဲ့ပါတယ်။ ကျွန်တော့်ရဲ့အသွေးအသားကဖြစ်တဲ့ ကြိုးမဲ့ချည်တိုင်သားနဲ့ သမီးကလည်း ရှိနေခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော့်ရဲ့သားနဲ့သမီးတို့ကို စိတ်၏ချည်တိုင်နေရာလေးအကြောင်းကို ပြောပြထားဖူးတာမို့ သူတို့လေးတွေကရောက်ဖူးချင်ကြပါတယ်။ ဒါကြောင့်မို့ အလုပ်ပိတ်ရက်တစ်ရက်မှာ စိတ်၏ချည်တိုင်နေရာလေးကို မိသားစုလိုက် ချီတက်ခဲ့ပါတော့တယ်။

မရှိတော့ပါ။ ပျောက်ကွယ်သွားခဲ့ပါပြီ။ မြစ်တို့ရဲ့သဘာဝပြောင်းလဲမှုဖြစ်စဉ်ရဲ့ ထိုးနှက်ချက်ကြောင့် စိတ်၏ချည်တိုင်လေးရှိရာ ကမ်းပါးကြီးမှာ ပြိုကျပျက်စီးသွားခဲ့ပါပြီ။ သားနဲ့သမီးတို့ရဲ့ ဖေဖေ့ရဲ့နေရာလေးက မရောက်သေးဘူးလားဆိုတဲ့ အမေးစကားတို့ကို မဖြေနိုင်တော့ပဲ စိတ်အတွေးတစ်ခုဝင်လာပါတယ်။ မြစ်ကမ်းပါးဘေးမှာတည်ရှိခဲ့သော ကျွန်တော့်ရဲ့စိတ်၏ချည်

စာမျက်နှာ ၈ သို့ -

# ဖယ်ရီဖယ်ရီ



ဒို့တိုင်းဌာနေမှာ ....
ရုံးသွားလည်း ဖယ်ရီ
ဈေးသွားလည်း ဖယ်ရီ
ကယ်ရီဆိုတာ
အိမ်ကပြန်လာချိန်လောက်ပဲစီး
ဘီးလှိမ့်ငါးရာ
ဟိုနား ဒီနား ခုနစ်ရာ
နည်းနည်းဝေးရင် တစ်ထောင်
လခနဲ့ဘောင်မဝင်ဘူး ...။

ဈေးနေ့မှာ ဖယ်ရီအဆိုက်
ဈေးသည်အကြိုက်မို့
တိုးဝှေ့ဈေးဝယ်
ခပ်လွယ်လွယ်ကြက်ဥ
အစိက ဟင်းလျာတစ်ခုဖြစ်
အကြွေရှိရင် အမြန်ပေး
ပြန်မအမ်းရင် စိတ်မဆိုးနဲ့
ဈေးဗန်းထဲက တစ်ခုယူ
သူ့အပူနဲ့သူသွားလိမ့်မယ် ....။



မြန်မြန်ဝယ်ကြ
နာရီဝက်ပဲရတဲ့အချိန်
ကန့်သတ်ချက်နဲ့ဆိုတော့
ကျန်တာကျန် မေ့တာမေ့
ဖယ်ရီမီရင်ပြီးရော
အမောတကောနဲ့ပြေးလာ
ဟူး ... တော်ပါသေးရဲ့ ....။

မင်းပြည့်စုံ (မန္တလေး)

# အစိမ်းရောင် ဝန်ထမ်းလေး



**အမာရီ (BPI - စက်မှု)**

ဟောဟဲ ဟောဟဲ ဝှီး မောလိုက်တာ၊ နားထဲမှာကြားနေတာ ဂလု ဂလုနဲ့ ဘာသံလဲဟ။ အိုး ရင်ဝထဲက ဂလု ဂလုနဲ့မည်ပြီး လည်ချောင်းဝတက်ဆို့လာတဲ့ အလုံးကြီးဗျ။ မဖြစ်ဘူး ရေသောက်ချမှ။ ရေ ရေ ရေ ပေးပါ။ ကျွန်တော့်ဆရာက ကျွန်တော် ရေတောင်းသံကြားလို့ ရေတိုက်တယ်ဗျ။ ဂလု ဂလုနဲ့ အငမ်းမရသောက်ချရတာ ရင်ကိုအေးသွားတာပဲ။ ဗိုက်ပြည့်လောက်ပါပြီ၊ ဆက်သွားဦးမှာပဲ။ ဝှီး အားစိုက်မှပဲ။ ရုံးတက်ဆိုတော့ မောမှာပေါ့။ ဒီအချိန်မှာပဲ နားထဲကြားလာတာက အားစိုက်ထားလည်း သွားလို့မဖြစ်ဘူးကွ။ တာဝန်တွေရှိသေးတယ်လေဟု ကျွန်တော့်ဆရာက တွန်းအားပေးတော့ အဟဲဟု ရယ်ကျဲကျဲနဲ့ကျွန်တော့်ရင်ထဲ အပြုံးတစ်ခုခိုဝင်လာရင်း ဟစ်အော်လိုက်တာကတော့-

‘ကိုယ်ရဲ့ရင်ခုန်သံတွေရယ် ××× ယမင်းနဲ့သာတွေ့တိုင်းဝယ် ××× လှိုင်းထတဲ့ရင်မှာမတည်ငြိမ်တယ် ××× ဘာကြောင့်ကွယ်ဖြစ်ရတယ် ××× မသိဘူးကွယ်’ သီချင်းတစ်ပိုင်းတစ်စပါ ကျွန်တော့်ရင်မတည်ငြိမ်တာကြာပါပြီ။ ဘယ်တည်ငြိမ်မလဲ။ မမလေးနဲ့တွေ့ပြီးကတည်းကရတဲ့ရောဂါပဲ။ မမလေးက ချောလည်းချော၊ လှလည်းလှပြီး တည်ငြိမ်တယ်။ ကျက်သရေရှိတယ်ပေါ့ဗျာ။ မမလေးနဲ့ကျွန်တော်က မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အသွားအပြန်ဆုံနေကြပဲ။ ကျွန်တော့်ကို များမတွေ့ရင်၊ ကျွန်တော်များ ထွက်မလာသေးရင် သူကလည်တဆန့်ဆန့်နဲ့မျှော်နေတာဗျ။ ဘယ်များသွားနေလဲဆိုပြီး ပူပန်စိုးရိမ်စိတ်နဲ့ ကြည့်တဲ့အကြည့်၊ ဖျားနာလို့တငြီးငြီး တပြုပြုအသံထွက်နေရင် ဟိုစမ်းဒီစမ်း ဆရာကိုရော၊ သူ့အပေါင်းအသင်းတွေနဲ့ရော ဘာလုပ်ပေးရမလဲဆိုပြီး ဟိုမေး၊ ဒီမေးနဲ့ ပျာယာခတ်နေတာ။ ကျွန်တော့်အပေါ် ဒီလောက်စိုးရိမ်ပြီးမေတ္တာထားတာ ကျွန်တော်ရင်ခုန်/မခုန်ဆိုတာ စဉ်းစားကြည့်ပါလေ။ ရင်ခုန်တာတော့ မဆန်းတော့ပါဘူးနော်။ ဒါပေမဲ့ဗျာ ရင်ခုန်တာမသိတဲ့၊ နားမလည်တဲ့ ကျွန်တော့်ဆရာနဲ့တော့ အဆင်မပြေပါဘူး။ မမလေးနဲ့တွေ့တဲ့အချိန် လှလှပပ၊ သပ်သပ်ရပ်ရပ်လေး ဖြစ်အောင်လုပ်ချင်တာ အချိန်ကိုမပေးဘူးခင်ဗျာ။ သူက ကျွန်တော့်ကိုမညှာဘူး။ အနားလည်း မပေးဘူး။ အရမ်းရက်စက်တယ်ဗျာ။ တစ်နေကုန်တစ်နေခမ်း အလုပ်အမျိုးမျိုးခိုင်းတယ်။ ဟိုဟာသွားယူဦး၊ ဟိုပစ္စည်းသယ်ပေးဦး၊ ကျွန်တော့်ကိုခိုင်းတယ်။ ကျွန်တော်ကလည်း မငြင်းရဲပါဘူး။ မနက်၊ ညနေ အလုပ်ဆင်း အလုပ်ပြန် မမလေးနဲ့တွေ့ရမှာဆိုတော့ သူခိုင်းတိုင်းမငြီးမငြူလုပ်ရမှာပေါ့။ တကယ်ဆို စဉ်းစားကြည့်ပါဦး။ သူ့အထက်လူကြီးကခိုင်းဦးတော့ ကျွန်တော့်လူပင်ပန်းနေပါပြီခင်ဗျာ။ သူများတွေခိုင်းပါဦးလို့ သူပြောဖို့ကောင်းပါတယ်။ အခုတော့ ကြည့်ပါဦး၊ ထစ်ကနဲဆို ကျွန်တော်ချည်းပဲ။

အဲ တစ်ခါတစ်လေ ကျွန်တော့်ဆရာက ပြောသေးတယ်။ ငါက မင်းကိုမခိုင်းချင်ပါဘူးကွာတဲ့။ ခိုင်းစရာက အခြားသူမရှိလို့ မင်းနဲ့ငါပဲသွားရမှာတဲ့။ သူသွားရင် ကျွန်တော်ပါ၊ ကျွန်တော်သွားရင် သူပါ ခွဲခြားလို့မှမရတာ။ တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေရသူတွေပါ။ ဒါပေမဲ့ ကျွန်တော့်ဆရာက ကပ်စေးတော့အတော်နည်းသားကလား။ ကျွန်တော်က မောလို့ရေတောင်း သောက်ရင်တောင် ရေကိုအဝမတိုက်ဘူး။ ရေကရတာနည်းတယ်၊ ဈေးကြီးတယ်တဲ့။ မင်းနဲ့တွဲပြီး အလုပ်လုပ်ရလို့ ညစ်ပေတာတွေနဲ့ စွန်းထင်းသွားတဲ့ သူ့အဝတ်အစားတွေ ဆေးရဦးမှာမို့လို့၊ ပြီးတော့သူက မိသားစုနဲ့မို့လို့ ရှာရဖွေရစုဆောင်းရဦးမှာ။ ကျွန်တော်က တစ်ကောင်ကြွက်တဲ့။ ကဲ ‘ကောင်းရော့လား’ ကျွန်တော်ဖျားနာလို့ ကိုယ်တွေလက်တွေကိုက်ခဲနေရင်လည်း ဆရာဝန်သွားမပြပေးဘူး။ ပိုက်ဆံကုန်မှာစိုးလို့။ သူတတ်တဲ့ပညာနဲ့ ဟိုစမ်းဒီစမ်း၊ ဟိုနားကလိ ဒီနားကလိ၊ ဟိုအကြော ဒီအကြောလေးဆွဲပေးရင်းနဲ့ပဲ ကျွန်တော့်မှာကျေနပ်ရတယ်။ ကျွန်တော်ဆိုတဲ့ အကောင်ကလည်း အမှတ်ကိုမရှိဘူး။ သူနဲ့ပဲအလိုလိုက်အကြိုက်ဆောင်ပြီး အလုပ်ကိုကြိုးကြိုးစားစားလုပ်ပြန်တာပဲလေ။ ဒီလိုအလုပ်ကြိုးစားတော့ အထက်လူကြီးက ကြိုက်တာပေါ့။ ကျွန်တော်က ခန္ဓာကိုယ်ကကြီး၊ နှာခေါင်းကချွန်ချွန်၊ မျက်လုံးဝိုင်းဝိုင်းနဲ့ဆိုတော့ ကြည့်လိုက်ရင် ထင်းကနဲပဲ။ ခိုင်းဖို့ကြည့်လိုက်တိုင်း သူ့မျက်စေ့ထဲမှာ ကျွန်တော့်ကိုပဲမြင်တယ်ထင်ပါရဲ့။ ဒီကောင်က အသုံးဝင်တယ်ကွ။ အားမနာရဘူး၊ တောင့်တယ်၊ ဖြောင့်တယ်ပေါ့ဗျာ။ ကျွန်တော့်ဆရာရဲ့ ဆရာကလည်းပြောသေးတယ်။ မင်းကောင်းကောင်း ဂရုစိုက်ပါကွာ။ သူမရှိရင် ငါတို့ရုံးမှာ အလုပ်မဖြစ်ဘူးကွတဲ့။ ဘယ်ဖြစ်မလဲ။ ကျွန်တော့်လိုအကြမ်းခံ၊ ရေစိမ်ခံ၊ အနှံ့တာခံမယ့်သူမရှိဘူး။ နောက်ပေါက်ကလေးတွေက ကြည့်လိုက်ရင် ဖြူးဖြောင့်နေတာ။ ရုပ်ကလည်းချော၊ ခန္ဓာကိုယ်ကလည်း ကန့်ကလျနဲ့ ကျွန်တော့်လို ကြမ်းကြမ်းတမ်းတမ်းမှမဟုတ်တာ။ အဲဒီတော့ သူဘယ်ခိုင်းရက်မလဲ။ ‘ဟွန်း’ ဟု ကျွန်တော့်မျက်စောင်းက သူ့ဆီရောက်သွားတော့တာပါပဲ။ ဒါပေမဲ့လေ ဒါတွေက အပေါ်ယံတွေပါ။ ကိုယ်က မမလေးကို မနက်တစ်ခေါက်၊ ညနေတစ်ခေါက်တွေ့နေရရင် ကျေနပ်နေသူပါ။ မမလေးနဲ့အတူ အခြားအဖော်တွေလည်း ပါလာမြဲပါ။ ကျွန်တော်ကတော့ ကျွန်တော့်ဘေးနားမှာ မမလေးကိုအမြဲရှိနေချင်တာ။ ဖြစ်နိုင်ရင် တစ်ယောက်ထဲကုန်းပိုးပြီး ပို့ချင်တာလေ။ တစ်ခါတစ်လေ မမလေးက ကျွန်တော့်ဘေးနားကဖြတ်သွားတဲ့ ကောင်လေးလှလှလေးတွေမြင်ရင် တငေးတမောလိုက်ကြည့်တတ်ပြီး ကျွန်တော့်ကို မသိမသာငဲ့စောင်းကြည့်ရင် အရမ်းခံစားရတယ်ဗျာ။ သိလား။ ကျွန်တော်လည်း လှချင်ပချင်တာပေါ့ဗျာ။ အခုတော့ ကျွန်တော်ကဝန်ထမ်းလေ ဘယ်ချမ်းသာမလဲ။ ကာယသမားဆိုတော့ ဖုန်မှုန့်တွေ၊ စက်ဆီတွေနဲ့ ပေကျံနေတဲ့ ကျွန်တော့်ခန္ဓာကိုယ်နဲ့ မမလေးကိုထိပေသွားမှာကိုတောင် အရမ်းစိုးရိမ်နေရတဲ့သူပါ။ မမလေးနဲ့ ကျွန်တော်က ဝန်ထမ်းချင်းတူပေမဲ့ ဘဝအခြေအနေချင်းမတူဘူးလေ။ တာဝန်ထမ်းဆောင်တာခြင်းတူပေမယ့် မမလေးကဉာဏအင်အားအသုံးချပြီး ကျွန်တော်ကကာယအင်အားအသုံးချတော့ ကွဲပြားတာတွေရှိတာပေါ့။ ကိုယ်ရဲ့ခံစားချက်တွေ တင်ပြတောင်းခံချင်ပေမယ့် အခြေအနေခြင်း၊ ဘဝခြင်းမတူတော့ မြင်နေရတာလေးကိုပဲ ဝမ်းသာကြည်နူးမှုအပြည့်နဲ့ ခံစားကျေနပ်နေရသူပါ။

ဒီနေ့တော့ ကျွန်တော်အရမ်းပင်ပန်းနေပြီဗျာ။ မလှုပ်နိုင်လောက်အောင် နွမ်းလျနေပြီ။ မမလေးရုံးပြန်ချိန်ကို မျှော်လင့်နေပြီး ရုံးပြန်ပို့ပြီးရင် နားရတော့မယ်ထင်တာ မပြီးသေးဘူးဗျ။ ရုံးပြန်သွားပြီး အိုဗာတိုင်ဆင်းရသေးတယ်လေ။ ကျွန်တော်မှမလုပ်ပေးရင်လည်း မဖြစ်တာမို့ ထုံးစံအတိုင်း ကျွန်တော်နဲ့ကျွန်တော့်ဆရာ အတူရှိနေပြန်ပြီပေါ့။ အလုပ်လည်းပြီးရော စိတ်ကိုလျှော့ချလိုက်တာ လုံးဝကိုတုတ်တုတ်မလှုပ်နိုင်တော့ဘူး။ ဒီလိုမျိုးဆိုရင် မနက်ဖြန်မမလေးကိုကြိုနိုင်မှာမဟုတ်။ ကျွန်တော့်ကို လည်တဆန့်ဆန့်နဲ့မျှော်နေမယ့် မမလေးကို ကျွန်တော်အတွေးပုံရိပ်မှာတွေးရင်း တောင်းဆိုချင်တာကတော့-

‘ကြည်ဖြူပါ ××× ကြည်ဖြူပါ မေရယ် ××× ဒီညလဲ ကိုယ်လေအိပ်မပျော်နိုင် ××× အတွေးများက မရေရာ ××× ကိုယ့်ရဲ့အထီးကျန်ကမ္ဘာ သူလာနိုင်ပါစေ ××× ဆုတောင်းချွေမယ်’ တကယ်ပဲ ကျွန်တော့်ကိုယ်တွေ နာကျင်နေပါပြီ။ မနက်ရောက်ရင် ကျွန်တော်မမလေးကို သွားမကြိုနိုင်တော့ပါဘူး။ ကျွန်တော့်ဆရာကလည်း ကျွန်တော့်ကိုနိုးထနိုင်အောင် မကူညီနိုင်တော့ပါဘူး။ ကျွန်တော်က အမြဲတမ်းဝန်ထမ်းဝတ်စုံ အစိမ်းလေးဝတ်ပြီး မမလေးနဲ့အတူရုံးသွားနေချင်တဲ့ သူပါဗျာ။ အဲ ကျွန်တော့်အကြောင်းသာ ပြောနေတာ ကျွန်တော့်နာမည်မပြောရသေးဘူး။ ကျွန်တော်ကတော့ မမလေးနဲ့မတွေ့ခင် ဟိုးဆယ်စုနှစ်များစွာကတည်းက မနားတမ်းတာဝန်ထမ်းဆောင်ခဲ့တဲ့ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်တဲ့ 'TE' အစိမ်းရောင်ကားလေး ဖယ်ရီမောင်ပါပဲခင်ဗျာ. . . .။

**စာမျက်နှာ ၇ မှ -**

တိုင်နေရာလေးကား သဘာဝမြစ်ရေစီးကြောင်းတိုက်စားမှုကြောင့် ပျက်စီးပျောက်ကွယ်တာကို ကျွန်တော်မတားဆီးနိုင်ပေမယ့် ကျွန်တော့်ရဲ့အသွေးအသားနဲ့ ဖြစ်တည်လာသော ကြိုးမဲ့ချည်တိုင် သားနဲ့သမီးတို့ကို တိုင်းတစ်ပါးယဉ်ကျေးမှုရေစီးကြောင်း တိုက်စားဖြိုချခြင်းမှကာကွယ်နိုင်အောင်တော့ ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားသွားရပါလိမ့်မယ်။

ဆောင်းပါး

# သတင်းနှင့်ရသ



မင်းညတာရာ

သတင်းတွေကို ကျွန်တော်စိတ်ဝင်တစားဖတ်ရှုလေ့လာမိတာက ဒီမိုကရေစီခေတ်ရောက်တဲ့ ၂၀၁၁ ခုနှစ်မှပါ။ သည့်မတိုင်ခင်က သတင်းတွေကိုကြိုကြားကြိုကြားသာ ဖတ်ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်သတင်းတွေ မဖတ်ဖြစ်ခဲ့ရတာလဲဆိုလျှင် အဲသည့်အချိန်က ကျွန်တော်ကရသစာပေဘက်ကို အာရုံထားဖတ်ရှုနေမိတာကြောင့်ပါ။

ကျွန်တော်ငယ်ငယ်က ကျွန်တော်တို့အိမ်မှာသတင်းစာမှလွဲပြီး ဂျာနယ်စာစောင်တွေ၊ စာအုပ်တွေမရှိပါဘူး။ နိုင်ငံပိုင်သတင်းစာတွေကိုသာ အိမ်ကဝယ်ယူဖတ်ရှုပြီး အပြင်ပုဂ္ဂလိကပိုင်ဂျာနယ်တွေကိုတော့ဝယ်ယူလေ့မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော်စာဖတ်တတ်စအရွယ်မှာ အနုပညာကိုစိတ်ဝင်စားတဲ့ကျွန်တော်က အနုပညာဂျာနယ်စာစောင်ကို အိမ်ကမိဘတွေမသိအောင် ဝယ်ယူဖတ်ရှုခဲ့မိပါတယ်။ တစ်စတစ်စနဲ့ပြီး ဖတ်ရှုခဲ့ရတဲ့ဂျာနယ်စာစောင်ကို မိဘတွေမြင်တော့ နည်းနည်းစကားအထွန့်တက်ရုံကလွဲပြီး နောက်တော့ဘာမှမပြောတော့ပါဘူး။ သူတို့မျက်စိရှေ့မှောက်တွင် ကျွန်တော်ဂျာနယ်ဖတ်ခွင့်ရခဲ့သလိုသူတို့ကိုယ်တိုင်ကလည်း အနုပညာသည်တွေအကြောင်းကို သိချင်စိတ်နဲ့ဖတ်ရှုကြပါတော့တယ်။ ဒါပေမဲ့ အဲသည့်အချိန်တုန်းက တစ်ပတ်မှာအနုပညာဂျာနယ်စာစောင်တစ်စောင်ကလွဲပြီး ကျန်တဲ့စာစောင်တွေ မဝယ်ယူခဲ့ဖူးပါ။

ကျွန်တော်ကလည်း အနုပညာအကြောင်းတွေ ဖတ်ရုံနဲ့ကျေနပ်ခဲ့တဲ့သူတစ်ယောက်ဆိုတော့ တခြားစာစောင်တွေဖတ်ဖို့လည်း စိတ်မဝင်စားခဲ့ပါဘူး။ ပြီးတော့ကျွန်တော်ကစာအုပ်ဖတ်လျှင် ဝတ္ထုတွေသာရွေးဖတ်ခဲ့တာဆိုတော့ ရသခံစားမှုကိုသာ အားသန်ခဲ့ပါတယ်။ ရသဝတ္ထုတွေဖတ်ရုံနဲ့ ကျွန်တော့်ဘဝကို ကျွန်တော်ကျေနပ်ခဲ့တာပါ။

နောက်တော့ ကျွန်တော်စာစရေးတယ်။ စာရေးတော့ထုံးစံအတိုင်း ကိုယ်အားသန်ရာရသဝတ္ထုတိုတွေ ရေးတာပေါ့။ စာရေးရင်းရေးရင်းနဲ့ ကျွန်တော်ဘာတွေးမိသလဲဆိုလျှင် စာရေးတဲ့သူတစ်ယောက်အနေနဲ့ ရသခံစားမှုတင်မကဘဲ အတွေးအခေါ်၊ ဗဟုသုတ၊ သတင်းအချက်အလက်တွေကို အကုန်အစင်မသိရင်တောင်နည်းနည်းပါးပါးတော့ တီးမိခေါက်မိရှိရလိမ့်မယ်လို့ တွေးမိခဲ့ပါတယ်။ ဒါနဲ့ပဲ ရသဝတ္ထုတွေဘက်ကနေ ဗဟုသုတရနိုင်မယ့်စာအုပ်တွေ၊ အတွေးအခေါ်တွေ မျှဝေဆင်ခြင်နိုင်မဲ့ စာအုပ်တွေကို ပြောင်းလဲဖတ်ရှုမိပါတယ်။

အဲသလိုနဲ့ လတ်တလောဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေ၊ ခေတ်ကိုရင်ပေါင်တန်းပြီး သိရမဲ့အကြောင်းအရာတွေကိုသိနိုင်ဖို့ ဂျာနယ်စာစောင်ကို အားကိုးလာမိပါတော့တယ်။ ဂျာနယ်စာစောင်တွေဆိုတာက သတင်းတွေကိုသူများတွေထက် မြန်မြန်ဆန်ဆန်၊ သွက်သွက်လက်လက်၊ ဝေဝေဆာဆာ တင်ပြတတ်ကြတော့ကိုယ်သိချင်တဲ့ ရေပန်းစားနေတဲ့သတင်းကိုဖတ်ရဖို့အတွက် လက်လှမ်းမီရာဂျာနယ်တစ်စောင်သာဝယ်လိုက်ရင် စိတ်ကြိုက်သာဖတ်ပါလေ့။ ဂျာနယ်တွေမှာ ခေတ်နဲ့မျက်ခြေမပြတ်တဲ့၊ ခေတ်နဲ့အပြိုင်ပြေးနေတဲ့သတင်းတွေကို စာဖတ်သူတွေ မြန်မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန်သိရအောင် ဖော်ပြပေးလေ့ရှိပါတယ်။

စာရေးတဲ့သူတစ်ယောက်အနေနဲ့ မျက်မှောက်ခေတ်ဖြစ်ပျက်နေတဲ့ နိုင်ငံ့အခြေအနေတွေကိုသိရဖို့လည်း အရေးကြီးတာကြောင့် သတင်းဂျာနယ်တစ်စောင်ကို ပုံမှန်ဝယ်ယူဖတ်ရှုလေ့ရှိပါတယ်။ ဒါပေမဲ့အစပိုင်းမှာတော့ ဟိုဟာနည်းနည်းဖတ်၊ သည်ဟာနည်းနည်းဖတ်နဲ့ သတင်းကိုတို့ရုံမြည်းရုံမျှသာ ရှိခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်ရောက်တော့မှ သတင်းတွေကိုတတ်နိုင်သမျှ ဂရုတစိုက်ဖတ်ရှုလေ့လာပြီး ကိုယ့်ဘာသာ ဝေဖန်ဆန်းစစ်သုံးသပ်ပြီးစဉ်းစားတွေးခေါ်မိပါတယ်။

သတင်းတွေဖတ်ရုံသာမကဘူး၊ စာအုပ်ဝယ်တော့လည်း ရသဝတ္ထုတွေကိုနောက်ချန်ပြီး ကိုယ့်အတွက်ဗဟုသုတရမယ့်၊ တွေးခေါ်ဆင်ခြင်ပြီးမှတ်သားနိုင်မယ့် တခြားစာအုပ်တွေသာ ဝယ်ဖို့ကြိုးစားလေ့ရှိပါတယ်။ ရသခံစားမှုခန်းခြောက်သွားတာမဟုတ်ပေမဲ့ သိချင်တတ်ချင်စိတ်တွေကများတော့ ဝတ္ထုစာအုပ်ဝယ်တာထက်စာရင် တခြားစာအုပ်တွေဝယ်တာက ကိုယ့်အတွက်ပိုအကျိုးရှိမယ်ထင်ပြီး ကိုယ့်ရဲ့သုတဘက်ထဲထည့်ဖို့လောက်သာ အာရုံရခဲ့မိတာပါ။ ပြီးတော့ ရသဝတ္ထုစာအုပ်တွေကို တော်တော်များများဝယ်ခဲ့ပြီးပြီလေ။

ဒါပေမဲ့လို့ နောက်ပိုင်းရသစာတွေရေးတဲ့အခါတိုင်း သတင်းတွေသာဖတ်ရှုနေမိတဲ့ ကျွန်တော့်အတွက် စာရေးတာထိခိုက်ခံရတယ်လို့ တွေးမိလာပါတော့တယ်။ ဝတ္ထုထက်စာရင် သတင်းစာစောင်တွေ၊ ဆောင်းပါးတွေသာဖတ်မိခဲ့တာကြောင့် ရသရေးတဲ့အခါမှာ အခက်အခဲတွေကြုံတွေ့လာရတယ်လို့ ခံစားရတယ်။ အဲသည့်အခါမှာတော့ ရသဘက်ကိုပဲ ကျွန်တော်ခြေဦးပြန်လှည့်ချင်စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာပါတယ်။

ပြီးတော့ အခုခေတ်မှာသတင်းတွေက အတော်လေးဖောင်းပွလာသလို ခံစားရပြီး ကိုယ့်အတွက်ဘယ်သတင်းက အသုံးလိုသလဲ၊ မလိုဘူးလဲဆိုတာကို ရွေးချယ်တတ်ရလိမ့်မယ်လို့ တွေးမိပါတယ်။

အခုခေတ်ထွက်နေတဲ့ လုံးချင်းစာအုပ်တွေကရော ရသဝတ္ထုတွေရှားပါးသွားပြီး နိုင်ငံရေးစာအုပ်တွေ၊ ဆောင်းပါးစာအုပ်တွေသာ စုပြီးလှိမ့်ထွက်နေကြတော့ ရသကိုဘယ်လိုရှာရမှန်း မသိတော့ဘူး။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ စာအုပ်တွေဟောတစ်အုပ်၊ ဟောတစ်အုပ်ထွက်နေကြတော့ စာအုပ်အငှားဆိုင်က စာအုပ်ငှားဖတ်နေကျ ကောင်မလေးတစ်ယောက်ပြောတဲ့စကားကို သတိရနေမိပါတယ်။

သမီးက နိုင်ငံရေးအကြောင်းတွေဆိုရင် မဖတ်ချင်ဘူးတဲ့။ သူကကျွန်တော်ငယ်ငယ်ကလိုပဲ ဝတ္ထုတွေချည်းလိုမှဖတ်နေတာလေ။ သူ့လိုတစ်လမ်းတည်းသွားတဲ့သူအတွက်တော့ ဘာမှမပင်ပန်းပေမဲ့ ကျွန်တော့်အတွက်ကျတော့ ရသဘက်ကိုလိုက်ရမှာလား၊ သတင်းနောက်ကိုလိုက်ရမှာလားနဲ့ အမြဲတစေဝေခွဲမရဖြစ်ပြီး ဟိုဘက်သည်ဘက် လွန်ဆွဲနေရတဲ့ဒုက္ခကိုကြုံတွေ့ခံစားရပါတယ်။

စာဖတ်ချိန်ဆိုတာလည်း သိပ်များများစားစားမရှိတော့ လမ်းနှစ်လမ်းစလုံးကို မရွေးချယ်နိုင်ဘူးလေ။ တစ်ခါတစ်ရံရသဘက်ကို အားသန်သွားလိုက်၊ တစ်ခါတစ်ရံ သတင်းတွေနောက် အမောတကောလိုက်လိုက်နဲ့ ဟိုဘက်ခုန်သည်ဘက်ခုန်ရင်း ဟိုဟာမမိ သည်ဟာမမိဖြစ်မှာလည်းစိုးကြောက်ရပါသေးတယ်။

အဲသည့်အချိန်မှာပဲ ရသစာတွေရေးခဲ့တဲ့ စာရေးဆရာတစ်ယောက်က အခုခေတ်မှာ မဂ္ဂဇင်းဝတ္ထုတို၊ ဝတ္ထုရှည်တစ်ပုဒ်နဲ့လူထုကို ဖေးမကူညီလို့ရတဲ့ ခေတ်ကပြတ်တောက်သွားပြီဆိုတော့ အံ့ဩမိရင်းက လက်ခံသဘောတူမိပါတယ်။ ကိုယ်လည်းဘာထူးလဲ။ ရသဝတ္ထုတွေဖတ်နေရင်း သည်ခံစားမှုတွေက အထပ်ထပ်အခါခါခံစားရဖူးတာကြောင့် ခုအချိန်မှာ ကိုယ့်အတွက်ဘာမှ ခံစားနေစရာမလိုတော့ဘူးလို့ တွေးမိရင်းက ကိုယ့်ရဲ့ဗဟုသုတဦးနှောက်ကိုသာ ဖြည့်ဆည်းပေးမယ့်သတင်းကိုသာ ထလိုက်သွားတတ်တဲ့အဖြစ်မျိုး ကြုံခဲ့ဖူးပါတယ်။

ဒါပေမယ့် လူတွေဟာ ရသခံစားမှုမရှိဘဲ သတင်းနောက်ကိုသာလိုက်နေရင် ကိုယ်ချင်းစာတရားတို့၊ လူလူချင်းထားရမယ့် မေတ္တာတရားတို့၊ မျှဝေခံစားနားလည်မှုတို့တွေ ရှိနိုင်ပါတော့မလား။ ကျွန်တော်တို့လိုခံစားမှုကို အခြေချပြီးသားလူတွေအတွက်တော့ ကိစ္စမရှိတော့ပါဘူးလေ။

နိုင်ငံတစ်နိုင်ငံထူထောင်ရာမှာ အဲသည့်နိုင်ငံက လူတွေအတွက် ရသစာပေခံစားမှုက အရေးကြီးသလား။ သတင်းအချက်အလက်ဗဟုသုတက အရေးကြီးသလား။ ဘယ်ဟာကအဓိကကျသလဲ။ ခြေလှမ်းနှစ်ဖက် ပြိုင်တူစုံညီညီလှမ်းနိုင်ရင်တော့ အကောင်းဆုံးဖြစ်မယ်ထင်ပါတယ်။

အခုနေအခါမှာ ကျွန်တော့်အတွက်တော့ ရသတံခါးကိုပဲ ဖွင့်ဝင်ရမှာလား။ သတင်းတံခါးကိုပဲ ဖွင့်ဝင်ရမှာလားဆိုတာ လွန်ဆွဲနေတုန်းပါပဲ။

# အဝါရောင်ည




## ရဲစွမ်းနေ

ကျွန်တော့်ဘဝမှာ ဘယ်တုန်းကမှ ရရှိခဲ့လိမ့်မည်ဟု မျှော်လင့်မထားသော ညတစ်ညကို ကောင်မလေးတစ်ယောက်ကြောင့် ရရှိခဲ့ဖူးသည်။ အဲဒီညမှာ တိမ်မျှင်ကင်းစင်သော အပြာရောင်ကောင်းကင်ဆီမှ ကြည်နူးနှစ်သက်စရာ ငွေလရောင်အလင်းတန်း တချို့တစ်ဝက်ဖိတ်စင်ကျနေပါသည်။ ဖျော့မှိန်သော ငွေကြယ်ပွင့်လေးများကတော့ လေယူရာ တိမ်းယိမ်းနွဲ့နေသော အဝါရင့်ရောင် ပိတောက်ခက်များကို အပေါ်မှစီးမိုး ကြည့်လို့ပေါ့။

ညနေကမိုးရွာခဲ့သည်။ သင်္ကြန်အတက်နေ့ရွာသော မိုးဖြစ်ပေမယ့် သင်္ကြန်ရဲ့လှုပ်ရှားသက်ဝင်မှုမြင်ကွင်းအားလုံးကို ရပ်တန့်စေခြင်းမရှိစေခဲ့။ လည်ပတ်သူများ အရှိန်မပျက်ခဲ့သလို ပွဲဖျက်မိုးကိုကြိုတင်မှန်းဆ၍ အမိုးမိုးထားသောတီးဝိုင်းများကလည်း ဆက်လက်ဖျော်ဖြေနေကြသည်။ တစ်ချိန်တုန်းက အတက်နေ့မိုးတုန်းကလည်း ဒီလိုပါပဲ။

ကျွန်တော်လည်း စာအုပ်အဖတ်မပျက်ခဲ့။ တစ်နှစ်တာလုံးအလုပ်ကိစ္စကြောင့် အချိန်ပေးမဖတ်နိုင်သော ဘာသာပြန်ဂန္ထဝင်ဝတ္ထုရှည်ကြီးများကို သင်္ကြန်ပိတ်ရက်များမှာ အတိုးချဖတ်ဖြစ်ခဲ့တာ တော်တော်ကြာခဲ့ပြီပဲ။

ကျွန်တော့်အနေနဲ့ သင်္ကြန်ပိတ်ရက်များတွင် မလည်ဖြစ်တော့ခြင်းက အဓိကအကြောင်းအရင်းဖြစ်သည်။ ကိုယ်စီအလုပ်ဝင်နေပြီဖြစ်သော သူငယ်ချင်းများနှင့်လည်း အဆက်အသွယ်နည်းပါးခဲ့ပြီမဟုတ်လား။ ပြီးတော့ တစ်နေရာဆီရောက်နေသော သူငယ်ချင်းအားလုံးသင်္ကြန်ရက်များတွင် မွေးရပ်မြေမြို့လေးမှာ အတူတကွစုစည်းမိဖို့ဆိုတာ နည်းပါးလွန်းသောဖြစ်နိုင်ချေတစ်ခုသာဖြစ်သည်။ ကိုယ်စီတာဝန်ယူထားရသော အလုပ်တာဝန်များက မြို့လေးဆီပြန်ရောက်နိုင်အောင် တံတိုင်းတစ်ခုဖြစ်တည်ခဲ့ပြီပဲ။

ကျွန်တော်ညနေက မြို့ထဲကစာအုပ်အငှားဆိုင်မှာ စာအုပ်သွားငှားခဲ့သေးသည်။ သင်္ကြန်မိုးရဲ့ဆေးကြောသန့်စင်မှုကြောင့် ကတ္တရာလမ်းမက အနက်ရောင်ပြောင်လက်တောက်ပလို့နေသည်။ အပြန်ကျတော့ ရင်းနှီးသောညီငယ်တစ်ယောက်နှင့်လမ်းမှာတွေ့၍ ပြုံးပြလိုက်ပါသည်။ သူ့ဆိုင်ကယ်နောက်မှာ ကောင်မလေးတစ်ယောက်ပါသည်။

'အစ်ကိုတစ်ယောက်ထဲလား။'

တစ်ယောက်ထဲတွေ့သူကို တစ်ယောက်ထဲလားဟု နှုတ်ဆက်စရာစကားအပြင် သုံးနှုန်းစရာမရှိတော့ခြင်းက မြန်မာအဘိဓာန်မှာ စကားလုံးရှားပါးခြင်းပြဿနာတစ်ခုပဲဖြစ်လိမ့်မည်။ အင်္ဂလိပ်တွေလို 'မင်္ဂလာပါ'၊ 'တွေ့ရတာဝမ်းသာပါတယ်၊' 'မင်းကိုကြိုဆိုပါတယ်၊' စသော နှုတ်ဆက်စကားများ ဘာကြောင့် မပြောကြတာလဲ။

တစ်ချိန်တုန်းက တစ်ယောက်ထဲလားဟု ချွဲနွဲ့စွာမေးလိုက်သော အသံတစ်ခုကို ပြန်ကြားယောင်မိတော့ ရင်ထဲမှာလှိုက်ကနဲ နာကျင်သွားပါသည်။ ဒါပေမဲ့ ကျွန်တော့်ကိုသုံးနှုန်းလိုက်သောနာမ်စားက ယခုလို အစ်ကိုမဟုတ်ပါ။ ကောင်လေးတဲ့။

ကျွန်တော်ယခုနေထိုင်သောအိမ်၏ ခြံဝင်းထဲမှာ ပိတောက်ပင်တစ်ပင်ရှိနေခဲ့ခြင်းက ကံကြမ္မာရဲ့လှောင်ပြောင်မှုတစ်ခုသာဖြစ်လိမ့်မည်။ ကျွန်တော်မသိနိုင်သော ကာလတစ်ခုအထိ သက်တမ်းကြာခဲ့ပြီဖြစ်သောပိတောက်ပင်ကြီးသည် ကျွန်တော့်ရဲ့ရှုံးနိမ့်မှုကို ဘယ်တုန်းကမှ သရော်ကြီးစယ်ခြင်းမရှိခဲ့။ ဒီလိုပဲ သူမသိခဲ့သော ကျွန်တော့်ရဲ့ ပုံပြင်ကိုပြောပြဖို့ကိုလည်း တစ်ခါတစ်ရံပင် အတင်းအကြပ်တောင်းဆိုခဲ့ဖူးခြင်းမရှိပါ။

သူ့အပေါ် ကျွန်တော့်ရဲ့သူစိမ်းတစ်ရံဆန်မှုများအတွက် စိတ်မကွက်ခဲ့သလို ကျွန်တော်နဲ့ရင်းနှီးလာဖို့ သူ့မှာဆန္ဒတစ်စုံတစ်ရာရှိမနေခဲ့တာ ဖြစ်ကောင်းဖြစ်နိုင်သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ဒီအိမ်လေးထဲမှာ ကျွန်တော့်ရဲ့နေထိုင်ရှင်သန်မှုကို အချိန်တိုင်းတိတ်ဆိတ်စွာ ငေးကြည့်နေခဲ့တာလည်း ဖြစ်နိုင်ပါသည်။

ကျွန်တော်ညက တင်မောင်မြင့်ဘာသာပြန်သော လီယိုတော်စတွိုင်းရဲ့ အင်နာကရိန်နာဘာသာပြန်ဝတ္ထုကို နှစ်ခြိုက်စွာဖတ်ရင်း အိပ်ပျော်သွားခဲ့သည်။ ပူပြင်းအိုက်စပ်သော နွေညဥ့်လယ်မှာ ထူးခြားသောအာရုံတစ်ခုရဲ့ စေ့ဆော်မှုကြောင့် ကျွန်တော်ဖြုန်းဆိုလန့်နိုးလာခဲ့သည်။ ပြတင်းတံခါးကို စေ့ပိတ်ထားခြင်းမရှိသောကြောင့် အညာအတာမဲ့တိုးဝင်လာသော လေပူများက သစ်ခက်များပုံပါ အပြာနုရောင်ခန်းဆီးစကို တဖြတ်ဖြတ်လွင့်ခါနေစေသည်။

ပြတင်းပေါက်နှင့်ခန်းဆီးစကင်းကွာသွားချိန်တိုင်း အဝါရောင်အစုအဝေးလေးများက ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ နီးသွားလိုက်၊ ဝေးသွားလိုက်။ ကျွန်တော်ခုတင်ပေါ်မှပြေးဆင်းကာ ခန်းဆီးစကို ဘေးသို့တွန်းဖယ်ပစ်လိုက်သည်။

ကြည့်စမ်းပါဦး။

ပိတောက်တွေပွင့်လာပြီပဲ။ အစိမ်းနဲ့အဝါသိမ်မွေ့စွာ ပေါင်းစည်းသွားသောဖြစ်စဥ်မှာ အဝါကတောက်ပစွာဝင့်ကြွားနေသည်။ လေကပိုပြင်းလာသည်။ ပိတောက်ကိုင်းချင်းပွတ်တိုက်မိ၍ တရှဲရှဲအော်မြည်သံတွေက တိုးတိတ်စွာထွက်ပေါ်နေရာမှ ပို၍ကျယ်လောင်လာသည်။

မငိုပါနဲ့ ပိတောက်ရယ်။

ကျေးဇူးပြုပြီး မင်းမငိုလိုက်ပါနဲ့။

တိတ်တဆိတ်မျက်ရည်ဆိုတာ လူမသိလို့ ကိုယ်ချင်းစာစရာမကောင်းပေမယ့် ကာယကံရှင်အတွက် ပြင်းထန်စွာဖိစီးနိုင်စက်တတ်တဲ့ တဒင်္ဂရဲဆိုတာ ငါကောင်းကောင်းသိနေတယ်။

ငါ့ရဲ့ ထပ်တိုးမိတ်ဆွေတွေထဲမှာ မင်းကိုမပါစေချင်ဘူး ပိတောက်ရယ်။

ကျွန်တော့်ကိုယ်ကျွန်တော် သတိထားမိချိန်မှာ အိမ်အပြင်ဘက်ရောက်နေပြီး လေတိုက်ခတ်နှုန်းပို၍ ပြင်းထန်လာသည်။ လေနှင့်အတူ ကြမ်းရှရှသဲမှုန်များ ရောနှောပါဝင်လာသည်။ နက်ရှိုင်းသောအမှောင်ထုရဲ့ ဟိုးအဝေးဆီက တရှိန်ရှိန်အော်မြည်သံများဆင့်ကဲဖြစ်ပေါ်လာသည်။ သဲမှုန်များက မျက်လုံးထဲကို အကာအရံမရှိတိုးဝင်လာသည်။ မျက်စိများကျိန်းစပ်သွားသောကြောင့် မျက်လုံးများကို လျှင်မြန်စွာပိတ်လိုက်ရပါသည်။ အလိုအလျောက်ဖြစ်ပေါ်လာသော ကာကွယ်လိုခြင်းအာရုံသိမှုကြောင့် လက်နှစ်ဖက်ကမျက်နှာကို အုပ်မိုးကာကွယ်ပြီးသား ဖြစ်နေပြန်သည်။

ကွယ်ထားသောလက်ချောင်းများကြားမှ ပိတောက်ပင်ကြီးကိုမော့ကြည့်လိုက်တော့ ပိတောက်ကိုင်းနှင့်ပိတောက်ခက်များမှာ ရိုင်းစိုင်းသောလေကြောင့် ယိမ်းယိုင်လှုပ်ရှားကာ စူးစူးဝါးဝါးအော်မြည်နေပါသည်။ လေက မရပ်တန့်နိုင်တော့သလို ဟူးဟူးရားရားတိုက်ခတ်နေဆဲ။ ကျွန်တော်ကြည့်နေစဉ်မှာပဲ အဝါရင့်ရောင်ပိတောက်ပွင့်ဖတ်များ အစိတ်စိတ်အမွှာမွှာ ပြန့်ကျဲလွင့်စင်လာပါတော့သည်။

အဝါရောင်လွှမ်းသောအဝါရောင်ညမှာ အဝါရောင်ပိတောက်ပင်တစ်ပင်ရယ်၊ အဝါရောင်ပိတောက်တစ်ခက်ရယ်၊ အဝါရောင်ပိတောက်ရေပြင်ရယ်၊ အဝါရောင်ခွက်နဲ့ထည့်ထားသော Espresso ကော်ဖီတစ်ခွက်ရယ်၊ ပြီးတော့ အဝါရောင်စပို့ရှပ်ဝတ်ထားသော အဝါရောင်ကောင်မလေးတစ်ယောက်ရယ်။

ကျွန်တော့်ရဲ့စိတ်အတွေးများသည် ထိန်းချုပ်ဖို့ကြိုးစားစဉ်မှာပဲ နူးညံ့စွာ၊ လျှင်မြန်စွာ၊ ရွှေ့လျားစွာ၊ ဒါပေမဲ့ တိတ်ဆိတ်စွာ ပျံ့လွင့်သွားပါတော့သည်။

(၂)

ကျွန်တော် Espresso ကော်ဖီတစ်ခွက်ယူပြီး ဆိုင်အပြင်ဘက်ထွက်လာခဲ့သည်။ မှတ်မှတ်ရရကော်ဖီခွက်လေးသည် သင်္ကြန်အတွက် ရည်ရွယ်ထုတ်လုပ်ထားသော အဝါနုရောင်အခံမှာ ပိတောက်ကိုင်းမှပိတောက်ခက်လေးများ တွဲရွဲကျနေသောပုံဖြစ်ပါသည်။ ယခုဆိုင်က Restaurant တစ်ခုဖြစ်ပြီး အစားအသောက်ကို တရုတ်၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ ပြင်သစ်စသည်ဖြင့် အစုံရပါသည်။ ဘီယာကိုမှာယူသောက်သုံးနိုင်သော်လည်း အရက်လုံးဝမရောင်းပါ။ သူငယ်ချင်းများကတော့ ဒီအချိန်မှာ အခွေးဓာတ်လိုသည်ဟုဆိုကာ ဘီယာသောက်ရင်းကျန်နေခဲ့ကြသည်။ ကျွန်တော်ကတော့ ကားမောင်းရမည်ဖြစ်၍ သူတို့ဆွယ်လုံးများမှအလွတ်ရုန်းကာ အပြင်ကိုထွက်လာခဲ့ခြင်းဖြစ်သည်။

ခပ်လှမ်းလှမ်းတွင်ရှိသော မဏ္ဍပ်လေးကျိုးဘက်မှ မြန်မာ့သီချင်းသံခပ်သဲ့သဲ့က လေနှင့်အတူလွင့်ပါလာသည်။ ညပိုင်းအလှပြယာဉ်တွေ ထွက်နေပြီနဲ့တူသည်။

ခေတ်မီသော အဲဒီဆိုင်လေးက သင်္ကြန်အချိန်အခါနှင့် ကိုက်ညီစွာမူးယစ်

စာမျက်နှာ ၁၁ သို့ -

စာမျက်နှာ ၁၀ မှ -

ရမ်းကားချင်သူများကို ထိန်းသိမ်းဖို့ လုံခြုံရေးအစောင့်များ ချထားပေးသည့်အတွက် အမျိုးသမီးအများစုပါ စိတ်အေးလက်အေးလာရောက်စားသုံးကြပါသည်။ ဆိုင်ရှေ့မြက်ခင်းပြင်ကို ကြည့်လိုက်ပါက လာရောက်စားသုံးသူများ၏ကားများ အစီအရီရပ်ထားတာတွေ့နိုင်ပါသည်။

ကျွန်တော်ဆိုင်ရဲ့ အနောက်ဘက်ကို ထွက်လာခဲ့သည်။ အဲဒီမှာ 'မြကျွန်းညို' ဟူသော ဒီဆိုင်လေးကို ပို၍နာမည်ကျော်ကြားစေသော 'မြကန်သာ' ရေကန်လေး ရှိသည်။ ဟိုတယ်အများစုမှာတွေ့ရသော ရေကန်များလို အုတ်ရေကန်မဟုတ်။ မြေကြီးကိုတူးဖော်ထားပြီး လိုအပ်သောမွမ်းမံမှုများပြုလုပ်ကာ သဘာဝအတိုင်းထားရှိသော ရေကန်တစ်ခုဖြစ်သည်။ ကန်ထဲမှာတော့ ကြာပန်းများကို ကန်ရဲ့အလှအပမပျက်ယွင်းစေတဲ့ သင့်လျော်သော အကွာအဝေးတစ်ခုစီခြား၍ လှပစွာရှင်သန်နေစေရန် စီမံထားသည်။ တစ်နေ့တာ အထူးအစီအစဉ်အဖြစ် နေ့စဉ်ပန်းတစ်မျိုးမျိုးကို ကန်ထဲမှာလှပစွာ ဖြန့်ကျဲပေးထားတာမျိုးလည်းရှိသည်။

ကန်ဘေးတွင်ခုံတန်းလေးများချထားပြီး ကန်ပတ်လမ်းကို စနစ်တကျပြုလုပ်ထားသေးသည်။ ကန်ပတ်လည်အပင်များကြားမှာ ဝှက်၍ထွန်းထားသော အပြာရောင်မီးအိမ်လေးများရဲ့ ပြာလဲ့လဲ့အလင်းတန်းလေးများက လမ်းလေးကို လျှောက်ချင့်စဖွယ်မှုန်ရီနေစေသည်။ ရေကန်အတွင်းထဲမှာ ဝှက်၍ထွန်းထားသော အစိမ်းရောင်မီးလုံးများကြောင့် ကန်ရေပြင်သည် သဘာဝထက်လွန်ကဲစွာစိမ်းလဲ့နေသော်လည်း အပြစ်တင်ချင်စရာမကောင်း။

ကန်ဘေးပတ်လည်မမြင်ရသော နေရာများမှ လျှို့ဝှက်စွာတပ်ဆင်ထားသော Speaker များမှ Westlife အဖွဲ့ရဲ့ My Love သီချင်းသံ ခပ်တိုးတိုးလေးပျံ့လွင့်နေပါသည်။

ဟာ။

သိပ်လှတာပဲ။ ဒီနေ့ကန်လေးထဲမှာ ဖြန့်ကျဲထားတာ အဝါရင့်ရောင်ပိတောက်ပန်းတွေပါ။ ကြာပန်းကြာဖက်လွတ်သော အစိမ်းဖျော့ရောင် ရေပြင်ထက်မှာအဝါရင့်ရောင်ပိတောက်ပန်းလေးများက တိမ်းမူးချင်စရာ တရွေ့ရွေ့မျောပါနေပါသည်။ တချို့ပိတောက်ပန်းလေးများက ကြာပန်းကြာဖက်လေးများပေါ်မှာ ခိုတွဲလို့။ အစိမ်းနောက်ခံရှိနေသော်လည်း တောက်ပသော အဝါရင့်ရင့်က လွှမ်းမိုးစွာ။ ခုံတန်းများပေါ်တွင်လည်း စုံတွဲများက နေရာယူလို့။ လွတ်နေသော ခုံတန်းတစ်ခုရှိ၍ ကျွန်တော်ဝင်ထိုင်လိုက်ပါသည်။ ကံကောင်းတာက ကျွန်တော်ထိုင်နေသော ခုံတန်းလေးပေါ်မှာ ပိတောက်ပင်ကြီးက အုပ်မိုးလျက်ရှိနေခြင်းပင်။ ကံဆိုးတာက တစ်ဦးနှင့်တစ်ဦးပူးကပ်၍ အကြင်နာပေးနေကြသော အတွဲများကြားမှာ ကျွန်တော်ကကြောင်တောင်တောင် ရောက်ရှိသွားခြင်းပင်။ အဲဒီအချိန် မှာ ကျွန်တော့်ဆီကို ပိတောက်တစ်ပွင့် ကြွေလွင့်လာခြင်းဖြစ်သည်။

'ဟေး တစ်ယောက်ထဲလား ကောင်လေး'

အသံလေးက အပြစ်ပြောစရာမရှိအောင် ချိုနွဲ့နေသောကြောင့် ကျွန်တော် ခွင့်လွှတ်လိုက်ခြင်းဖြစ်သည်။ ကြည့်စမ်းပါဦး မေးလိုက်ပုံက ကျွန်တော့်ကို လာလှောင်နေသလိုပဲ။

ကျွန်တော် နောက်ပြန်လှည့်ကြည့်လိုက်ပါသည်။

ကောင်မလေး။

ဝက်ဝံရုပ်ပုံပါ အဝါရောင်စပို့ရှပ်အင်္ကျီလက်ပြတ်နှင့် အပြာရောင်ဂျင်းအကြေသားဘောင်းဘီရှည်ကို တွဲဖက်ဝတ်ဆင်ထားသော ကောင်မလေးကို ကြည့်ရတာ ရေဖြန်းထားသော ပိတောက်တစ်ခက်လိုလန်းဆန်းတောက်ပနေသည်။ယောက်ျားလေးဆောင်းလျှာထိုးဦးထုပ်ကို နောက်ပြန်ဆောင်းထားသော ကောင်မလေးသည် ထူးခြားစွာလှမနေဘဲ စွဲမက်စွာချစ်စရာကောင်းနေသည်။ ဂျင်းဘောင်းဘီဝတ်ထားခြင်းအတွက်လည်း ကျွန်တော့်စိတ်ထဲမှ ထောက်ခံမိသည်။ သင်္ကြန်လည်သောမိန်းကလေးများအတွက် ထဘီသည် အန္တရာယ်ရှိသော အဝတ်အစားတစ်မျိုးပဲမဟုတ်လား။

ကောင်မလေးနှင့်ကျွန်တော်သည် စကားတစ်ခွန်းမှ ပြောဆိုခြင်းမရှိသော်လည်း စိတ်ချင်းရင်းနှီးနေပါသည်။ ပြောရရင်သင်္ကြန်အကြိုနေ့မှ ယနေ့ဒုတိယအကြတ်နေ့ညနေအထိ ကျုံးရှေ့လမ်းတစ်လျှောက်ကားချင်းယှဉ်မောင်းတိုင်း အကြည့်ချင်းထပ်တူကျခဲ့သည်။ မျက်လုံးချင်းထိတိုက်ခဲ့သည်။ အပြုံးချင်းကူးစက်ခဲ့သည်။ ရင်ခုန်သံချင်းနီးစပ်ခဲ့သည်။

များပြားသောလူအုပ်ကြောင့် ဆက်သွားလို့မဖြစ်အောင် လမ်းပိတ်ဆို့၍ အနီးဆုံးလမ်းသွယ်မှတစ်ဆင့် အပြင်ကိုခွဲထွက်သော အခါမျိုးမှာပင် ကျွန်တော်တို့ရွေးချယ်လိုက်သောလမ်းသွယ်က အတူတူဖြစ်နေခြင်းမှာ အံ့ဩစရာတိုက်ဆိုင်မှုတစ်ခုဟုဆိုရမည်။

ရေပက်ကြမ်းသောမဏ္ဍပ်တစ်ခုရှေ့အရောက်မှာ ထုထည်ကြီးမားသောရေလုံးဒဏ်ကြောင့် မျက်နှာရှုံ့မဲ့ကာ လက်တကာကာဖြစ်နေသောကောင်မလေးကို မြင်လိုက်တော့ ကျွန်တော်ကအနားမှာအသင့်ရှိသောတဘက်လေးကို ကောင်မလေးကျွန်တော့်ဆီလှမ်းအကြည့်မှာ အမှတ်မထင်ပစ်ပေးလိုက်ပါသည်။

ကောင်မလေးက ကျွန်တော့်ကိုကျေးဇူးတင်စွာပြုံးပြရင်း တဘက်လေးကိုခြုံလိုက်ပါသည်။ အဲဒီမဏ္ဍပ်ကကျော်လာတော့ ကောင်မလေးက တဘက်နှင့်သူမမျက်နှာကိုသုတ်လိုက်တာမြင်ရတော့ ကျွန်တော့်ရင်ထဲနွေးကနဲဖြစ်သွားပါသည်။

အဲဒီတဘက်မှာ ငါ့အနမ်းတွေရှိနေတယ် ကောင်မလေးရဲ့။

အဲဒါက သင်္ကြန်အကျနေ့ပါ။ အကြိုနေ့ကတည်းက ကောင်မလေးနဲ့ကျွန်တော် မျက်လုံးချင်းမိတ်ဆွေဖြစ်ခဲ့ကြပြီး မဟုတ်လား။ ရှားပါးစွာကြုံတွေ့ရသော သင်္ကြန်အကြတ်နေ့နှစ်ရက်မှာ မကြာခဏတွေ့ဆုံမှုများက ကျွန်တော်ရဲ့ရင်ခုန်သံစည်းချက်ကို ပျက်ယွင်းစေခဲ့သည်။ ကျွန်တော့်ရဲ့ရင်ခုန်သံကဗျာကို ကာရန်မဲ့စေခဲ့သည်။



သင်္ကြန်ရေက အေးမြနေသော်လည်း ကောင်မလေးရဲ့မျက်လုံးတွေမှတစ်ဆင့်ခံစားရသော ချစ်ခြင်းအလင်းရောင်က ကျွန်တော့်သွေးထဲစီးဝင်လာသောကြောင့် အချမ်းပြေခဲ့ရသည်။ ညဘက်အလှပြယာဉ်တွေ နောက်လိုက်ကာ သင်္ကြန်ယိမ်းအကများကို လိုက်ပါကြည့်ကြချိန်မှာလည်း ကောင်မလေးနှင့်ဆုံတွေ့ရသည်။

တစ်ခါမှ မရင်းနှီးသောလူနှစ်ယောက် တစ်နေကုန်နီးပါး ရက်ဆက်တွေ့မြင်နိုင်သောအခွင့်အရေးကို သင်္ကြန်ပွဲတော်က ရက်ရောစွာပေးသနားနေသည်။

ကျွန်တော်တို့ စကားတော့မပြောဖြစ်ကြသေး။

ပထမအကြတ်နေ့။

ကျုံးရှေ့ဘီကြင်တည်းခိုခန်းနားအရောက် ကျွန်တော်က ရေဆာလိုက်တာကွာဟု သူငယ်ချင်းများကို အော်ပြောလိုက်သည်။ အဲဒီအချိန်ကျွန်တော်ကားမောင်းအလှည့်ဖြစ်သောကြောင့် သူငယ်ချင်းများကို ညှင်းဆဲလိုသောသဘောဖြင့် ရေသန့်ဘူးသွားဝယ်ခိုင်းခြင်းဖြစ်သည်။

အဲဒါကို ကျွန်တော်တို့နှင့်ဘေးချင်းယှဉ်ရက် ရပ်ထားသောကားပေါ်မှ ကောင်မလေးကကြားသွားပုံရသည်။

'ဟေးကောင်လေး ဒီမှာရေဘူး။' ဟုဆိုကာ ကျွန်တော့်ဆီကို Alpine သောက်ရေသန့်တစ်ဘူးပစ်ပေးလိုက်ပါသည်။ ကျွန်တော်အမြန်ဖမ်းလိုက်ရသည်။ အကျနေ့က ကျွန်တော်ကောင်မလေးဆီ တဘက်လှမ်းပေးတာမြင်ကတည်းက စချင်နောက်ချင်ဖြစ်နေသော သူငယ်ချင်းများအတွက် အကွက်ဆိုက်သွားပါတော့သည်။

'ရေသည်ကောင်မလေးက ရေသည်ကောင်လေးကို Alpine တစ်ဘူးပစ်ပေးလိုက်ပါတယ်ခင်ဗျာ။'

ကောင်မလေးတို့ဘက်မှလည်း အားကျမခံပြန်ပြောသည်။

'ဟောဒီမှာ မော်ဒန်ရေသည်ပြဇာတ်ရိုက်နေပါပြီ။'

အဲဒီနည်းနဲ့ ပျော်ရွှင်ဖွယ်အချိန်လေးတွေ ကျွန်တော်တို့မျှဝေခဲ့ကြသည်။

'ဟေ့ကောင်လေး ဘာတွေဒီလောက်တွေးနေတာလဲ ငါ့ကိုထိုင်ခွင့်မပေးတော့ဘူးလား။'

ကောင်မလေးစကားကြောင့် ကျွန်တော့်အတွေးများ ပြတ်တောက်သွားပါသည်။

'ဆောရီးဟာ ငါအတွေးလွန်သွားလို့ပါ ထိုင်ပါကောင်မလေးရဲ့။'

ကောင်မလေး ကျွန်တော့်နားထိုင်လိုက်သောအခါ စွဲမက်ဖွယ်ရနံ့တစ်ခုကို ခံစားလိုက်ရပါသည်။ ဟင် ဒါဘာနံ့လဲ။ မိန်းကလေးတွေ ဘာရေမွှေးသုံးမှန်းကျွန်တော်မသိပါ။ ဒါပေမဲ့ ယခုရသောမွှေးရနံ့က သူငယ်ချင်းမိန်းကလေးများဆီမှ ယခင်ရဖူးသော Cosmetic မျိုးစုံရဲ့မွှေးရနံ့များနဲ့မတူ။ ဒါသည်ပင် ကောင်မလေးရဲ့ထူးခြားသော ကိုယ်ပိုင်ရနံ့လေလား။

ကျွန်တော်တို့အကြောင်းအရာများစွာ ပြောဖြစ်ကြသည်။ ရယ်ပွဲဖွဲ့စရာ ပေါ့ပေါ့ပါးပါး အကြောင်းအရာများတွေကပိုများလိမ့်မည်ထင်သည်။ ကောင်မလေးပြောသည့်အထဲတွင် သူမရဲ့အမွှေးစုတ်ဖွားခွေးလေး ဘိုဘိုအကြောင်းလည်းပါသည်။

'ကောင်လေး ငါလေ လူမြင်ရင်အမြီးနန့်တတ်တဲ့ အဲဒီဘိုဘိုဆိုတဲ့ခွေးစုတ်လေးကို အရမ်းမုန်းတာပဲသိလား။'

'နင်ကလဲဟာ ခွေးပဲအမြီးနန့်တာ

စာမျက်နှာ ၁၂ သို့ -

**စာမျက်နှာ ၁၁ မှ -**

ဆန်းသလား။ နင်မကြိုက်ရင် မွေးမထားနဲ့ပေါ့။'

'ငါမွေးထားတာမဟုတ်ဘူးဟဲ့၊ ဖေဖေမွေးထားတာ၊ ဘိုဘိုအမျိုးနန့်တာမြင်ရင် ငါလေ ကိုယ့်အလိုဆန္ဒပြည့်မြောက်ဖို့ တစ်ခုတည်းအတွက် အမျိုးနန့်ပြရမှာမရှက်တဲ့ သူတွေကို သွားသတိရတတ်လို့ဟ။'

'နင်မို့ ရှာရှာကြံကြံပြောတတ်တယ်။'

ကျွန်တော်တို့ စကားပြောလျှက်ရှိစဉ်မှာပဲ ဆိုင်မန်နေဂျာရောက်လာကာ ထိုင်ခုံပေါ်တွင်ထိုင်နေကြသောအတွဲများကို မဲလိပ်တစ်ခုဆီနှိုက်စေသည်။ ကျွန်တော်က မဲလိပ်ယူဖို့ တွေဝေနေတုန်းမှာပဲ ကောင်မလေးကမဲလိပ်တစ်ခုကိုဆတ်ကနဲ နှိုက်ယူလိုက်ပါသည်။

'ဒါ ကျွန်တော်တို့မြကျွန်းညို Restaurant ရဲ့ကြိုတင်ကြေညာမထားတဲ့ အထူးအစီအစဉ်တစ်ခုပါ။ အားလုံးကိုယ့်မဲလိပ်ကိုယ်ဖွင့်ကြည့်ကြပါ။ လှေပုံပါတဲ့အတွဲက ဟောဒီအချစ်လှေကို စီးခွင့်ရကြမှာပါ။'

မန်နေဂျာက လှေထမ်းလာသော ကောင်လေးနှစ်ယောက်ဆီ ညွှန်ပြလိုက်သည်။ လှေလေးကအဝါရောင်။ ပိတောက်ပန်းများစွာဖြင့် အလှဆင်ထား၍ ပန်းလှေလေးနှင့်ပင် တူနေတော့သည်။

'ဟယ် ဒီမှာကြည့်စမ်းကောင်လေး ငါတို့ပေါက်ပြီဟ။'

ကျွန်တော်ကြည့်လိုက်တော့ မဲစာရွက်ပေါ်မှာမယုံနိုင်ဖွယ်ရာ အဝါရောင်လှေလေး။ ဒါနဲ့ပဲ ကောင်မလေးနဲ့ကျွန်တော် အချစ်လှေဟုအမည်ပေးထားသော လှေလေးကိုအတူစီးဖြစ်ကြပါသည်။

လှေရဲ့ရွေ့လျားသောအရှိန်၊ လှော်တက်နဲ့ရေပြင်ကို ထိုးခွဲမှုများကြောင့် ပိတောက်ပန်းလေးများရေထဲမှာ ချာချာလည်ကာမျောပါနေကြသည်။ အဲဒီအချိန်မှာ လွင့်ပျံလာသောသီချင်းက Celine Dion ရဲ့ My Heart Will Go On ဖြစ်နေသည်။

ညို့ယူတတ်သောလရောင်က ကျွန်တော်တို့နှစ်ယောက်ကြားက အကွာအဝေးကိုပို၍ နည်းပါးသွားအောင် ဖန်တီးနေသည်။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက်လုံးကိုယ့်နေရာမှာ ကိုယ်ပဲရှိနေကြသည်။

ကောင်မလေးကတော့ လှော်တက်ကို အားပြုကာလှော်ခတ်ရင်း လဝန်းကိုငေးမောကြည့်နေခဲ့သည်။ ကောင်မလေးလည်ပင်းက အစိမ်းရောင်သွေးကြောမျှင်လေးတွေ လှုပ်ခတ်သွားတာတွေ့လိုက်ရသလား။ သေချာစွာမပြောနိုင်ပါ။ လက်ဝဲဘက်ရင်အုံထဲက နူးညံ့စွာတုန်ခါနေမှုက ကျွန်တော့်ရဲ့မျက်နှာကို ရှိန်းမြစွာပူနွေးစေသည်။ ကျွန်တော်ကောင်မလေးထံမှ အကြည့်လွှဲရင်း အနီးအနားမှာရှိသော ကြာပန်းများကို ရေတွက်နေလိုက်သည်။ သိပ်မများသောပမာဏဖြစ်ပေမယ့် ကျွန်တော်သည် ရေတွက်နေရင်းဝေဝါးစွာ ရောထွေးကုန်ပါသည်။

Love was when I loved you one true time

I hold to

In my life we'll always go on.

စစ်မှန်တဲ့အချိန်ကာလတစ်ခုမှာ မင်းအပေါ်ချစ်ခဲ့တဲ့ ကိုယ်ရဲ့အချစ်တွေကို ကိုယ့်ဘဝထဲမှာထွေးပွေ့ထားလိုက်ပြီ။

အဲဒီအတွက် ကိုယ်တို့အချစ်တွေ အမြဲတမ်းရှင်သန်နေမှာပါ။

Celine Dion ရဲ့သီချင်းက ကျွန်တော့်ခံစားချက်တွေကို ရည်ညွှန်းနေသလိုပဲ။ ကမ်းပေါ်ပြန်ရောက်တော့ ကျွန်တော်ပိတောက်ပင်မှ ပိတောက်တစ်ခက်ကို ခုန်၍ခူးလိုက်ပါသည်။



'ကောင်မလေး နင့် နင့်ကိုငါချစ်တယ်ဟာ တကယ်ပြောတာပါ'

ကောင်မလေးနှင့်တွေ့သောတစ်ချိန်လုံးထိန်းမရစွာခုန်နေသော နှလုံးသားကထိန်းချုပ်မှုတစ်ခုကို ချိုးဖျက်လိုက်သောအခါ စစ်မှန်သောချစ်ခြင်းပဲ့တင်သံတစ်ခုကို အလိုအလျောက်ဖြစ်ပေါ်လာစေတော့သည်။

ကောင်မလေးက ကျွန်တော့်ရဲ့မျက်ဝန်းများကိုရင်မဆိုင်ရဲသလို ခေါင်းငုံ့သွားပါသည်။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ အသံမဲ့တိတ်ဆိတ်မှုတစ်ခု ရုတ်တရက်ရောက်ရှိလာသည်။ မရေတွက်နိုင်သော စက္ကန့်များကို ဖုံးလွှမ်းပစ်သည်အထိလေ။

ကျွန်တော် ကောင်မလေးကိုမထင်မှတ်ဘဲ ချစ်စကားပြောမိသွားသော်လည်း အဖြေဆက်မတောင်းရဲသလို ဖြစ်နေသည်။ လက်ထဲမှာတော့ ပိတောက်တစ်ခက်က အသက်မဲ့စွာ။

'မနက်ဖြန်အတက်နေ့ည ဒီကစောင့်နေကောင်လေး။ နင့်လက်ထဲက ပိတောက်ပန်းလည်းယူခဲ့။ ငါနင့်ကိုချစ်တယ်ဆိုရင် အဲဒီပိတောက်ပန်းကိုပန်မယ်။ မချစ်ရင်တော့'

(၃)

အတက်နေ့ည။

ကျွန်တော်စောင့်နေခဲ့ပါသည်။

ကောင်မလေးရောက်မလာခဲ့ပါ။

(၄)

သင်္ကြန်ပြီးဆုံး၍ လေးလကြာသောအခါ အဒေါ်တစ်ယောက်ရန်ကုန်သွားစရာရှိသည့်အတွက် ကျွန်တော်မန္တလေးအဝေးပြေးကားကွင်းကို ကားလက်မှတ်သွားဖြတ်သည်။ ခရီးဆောင်အိတ်တစ်အိတ်ဆွဲရင်း ကျော်တက်သွားသောကောင်မလေးတစ်ယောက်ကို ရိပ်ကနဲမြင်လိုက်ရတော့ ကျွန်တော့်ရဲ့ကောင်မလေးများလားဟု စိတ်ထဲကထင့်သွားမိသည်။ ဒါနဲ့အမီလိုက်တော့ ကျွန်တော့်ကောင်မလေးဖြစ်နေသည်။ နိုင်ငံခြားမှာ ကျောင်းသွားတက်မည်ဖြစ်၍ လိုအပ်သောသင်တန်းများတက်ရန် ရန်ကုန်ကိုသွားခြင်းဖြစ်သည်တဲ့။ နင်ရော အခုဘာတွေလုပ်နေလဲတဲ့။

ကျွန်တော်နဲ့စကားပြောနေတာတောင် ကောင်မလေးရဲ့မျက်နှာမှာ ထူးခြားသော ပြောင်းလဲမှုအရိပ်အယောင်တစ်စုံတစ်ရာဖြစ်မလာ၍ အံ့သြလာသည်။ ဝေခွဲရခက်လာသည်။ နားမလည်နိုင်ဖြစ်လာသည်။

အတက်နေ့ကိစ္စကို သတိမရတော့လောက်အောင် အတိတ်မေ့သွားတာလည်း မဖြစ်နိုင်။ ကျွန်တော့်ကိုမှတ်မိနေတာပဲ။ 'နင်အတက်နေ့ညက မြကျွန်းညိုကိုဘာလို့မလာတာလဲ။ အဲဒီနေ့က မြို့ထဲမှာလျှောက်လည်တာလဲ မတွေ့ရဘူး။'

'သြော် အေး ဟုတ်တယ်။ အဲဒီနေ့က အိမ်မှာကုသိုလ်လုပ်တော့ မအားတာနဲ့မလည်ဖြစ်တာ။'

'ဒါနဲ့နေပါဦး နင်ငါ့ကိုပြောခဲ့တဲ့ ပိတောက်တစ်ခက်ပြဿနာရှင်းခဲ့ပါဦး။'

'ဟယ် ကောင်လေး နင်အဲဒီ တွစ် (Twist) ကို တကယ်ကြွေနေတာလား။ တကယ်တော့ အဲဒါသင်္ကြန်မှာ လူငယ်တိုင်းရရှိနိုင်တဲ့အခွင့်အရေးကို ငါမဆုံးရှုံးချင်တာနဲ့ အဲဒီအချိန်မှာ မျက်စိရှေ့ရောက်လာတဲ့ နင့်ကိုပုံပြောကြည့်လိုက်တာပါ။'

'ဘာ'

ကျွန်တော့်ရဲ့ ဒေါသတကြီးအော်သံကြောင့် ကောင်မလေးတုန်သွားသည်။

ကျွန်တော့်မျက်လုံးထဲမှာ ကောင်မလေးကိုမမြင်ရတော့။

အဝါရောင်မီးလျှံတွေပဲ မြင်ရတော့သည်။

ပိတောက်ပွင့်တွေ တောက်ပစွာလောင်ကျွမ်းရာမှ ထွက်ပေါ်လာသောအဝါရောင်မီးညွှန့်မီးလျှံများသာ မြင်ရတော့သည်။

'ငါတကယ် ဝမ်းနည်းမိပါတယ် ကောင်လေးရယ်။ နင့်ကိုတောင်းလည်း တောင်းပန်ပါတယ်။ ခဏတာအချစ်တွေနဲ့ အတုအယောင်လူတွေများတဲ့ ဒီကမ္ဘာကြီးမှာ ပုံလာလာပြောတိုင်းယုံတတ်တဲ့ နင့်ကိုမှပုံပြောမိတဲ့အတွက်ပါ။'

'တော်စမ်း ငါရဲ့အချစ်ကိုပေါ့တန်သွားအောင် နင်မကြိုးစားပါနဲ့'

ကျွန်တော် ကောင်မလေးစကားကို ဖြတ်ပြောပစ်လိုက်သည်။

'မဟုတ်သေးဘူး ကောင်လေးရဲ့။ လောကကြီးမှာ လွမ်းချင်တိုင်းလွမ်းမရတဲ့ အဖြစ်အပျက်တွေ၊ ခံစားချင်တိုင်း ခံစားမရတဲ့ အဖြစ်အပျက်တွေအများကြီးရှိတယ်ဟ။ အဲဒါကို သွားကြွေမိရင် ကြွေလွယ်သူအရှုံးပဲ။ သွားခံစားမိရင် ခံစားမိသူအပြစ်ပဲဖြစ်ရလိမ့်မယ်။'

ကျွန်တော့်အနားမှာ ကောင်မလေးမရှိတော့။ မဟုတ်သေးဘူး။ ကျွန်တော် ကောင်မလေးအနားက အငွေ့ပျံပျောက်ဆုံးသွားတာပါ။

(၅)

ကျွန်တော်သည်ပိတောက်ပင်အောက်က ကွပ်ပျစ်ပေါ်တွင်လက်နှစ်ဖက်ယှက်ကာ ခေါင်းအုံးအိပ်ရင်း ကောင်းကင်ကို ငေးကြည့်နေမိသည်။ ရိုင်းစိုင်းခက်ထန်သောလေပြင်းထွက်ခွာသွားခဲ့ပြီ။ ယခုအချိန်မှာလေက ခပ်နွဲ့နွဲ့သာတိုက်ခတ်နေတော့သည်။ နက်ပြာရောင်ကောင်းကင်သည် ဗန်ဂိုးရဲ့ကြယ်စုံညကောင်းကင်အဖြစ်မရောက်ရှိသေး။ ကြယ်အများစုကအိပ်ပျော်ရာမှမနိုးထသေး။ ကြယ်အချို့သာ မှိတ်တုတ်မှိတ်တုတ်လင်းလက်နေပါသည်။

မြင်လွှာထက်မှာ တမင်တကာဘေးဖယ်ထားသောအရာများဆီ အာရုံစူးစိုက်ကြည့်လိုက်တော့ အဝါရောင်ပိတောက်ပွင့်လေးများက ချိုမြစွာနဲ့ ကျွန်တော့်ကိုပြုံးကြည့်နေပါသည်။ ပိတောက်ပွင့်လေးများရဲ့ တီးတိုးရယ်မောသံကိုတောင် ကြားလိုက်ရသလိုထင်မိသည်။

အဲဒီအချိန်ခဏမှာပဲ စောစောကလေပြင်းတိုက်ခတ်၍ ကြွေချင်နေပုံရသော အဝါရင့်ရောင်ပိတောက်တစ်ခက်က ကျွန်တော့်လက်ဝဲဘက်ရင်အုံပေါ် လျှင်မြန်စွာပြုတ်ကျလာပါတော့သည်။ သူ့အတိုင်းအဆနဲ့သူတော့ သေးငယ်သောပိတောက်တစ်ခက်ရဲ့ပြင်းအားက ကျောက်ခဲတစ်လုံးထက်တော့မသာပါ။ ဒါပေမဲ့ အကွာအဝေးရဲ့အလျားက ရှည်လျားလွန်းသောအခါ သိသာသောသက်ရောက်မှုတစ်ခုဖြစ်ပေါ်လာသည်။ ကျွန်တော့်လက်ဝဲဘက်ရင်အုံအတွင်းမှ ဆစ်ခနဲနာကျင်သွားပါသည်။

# ကျောက်ကပ်ရောင်ခြင်းရောဂါအကြောင်း သိကောင်းစရာ

လူတို့၏ခန္ဓာကိုယ်တွင်းတွင် ကျောက်ကပ်သည်လည်း နှလုံးကဲ့သို့ပင် အရေးပါသောအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ကျန်းမာရေးအတွက် လူ့ခန္ဓာကိုယ်အတွင်း ကျောက်ကပ်တို့၏ နေ့စဉ်ဆောင်ရွက်ပေးရသော လုပ်ငန်းဆောင်တာများမှာ-

၁။ ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်များအား သွေးမှစစ်ထုတ်၍ ဆီးအဖြစ်ထုတ်ပစ်ခြင်း၊

၂။ သွေးဖိအား ထိန်းသိမ်းပေးခြင်း၊

၃။ သွေးနီဥများထုတ်လုပ်နိုင်ရန် လှုံ့ဆော်ပေးမည့် သွေးနီဥဓာတ်ဟော်မုန်းထုတ်လုပ်ပေးခြင်း၊

၄။ ကိုယ်တွင်းရှိအရည်နှင့် ဓာတ်ဆားများ၏ပမာဏကို မျှတမှန်ကန်စွာရှိစေရန် ထိန်းသိမ်းခြင်း၊

၅။ ဗီတာမင် 'ဒီ' ကိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ပြုလုပ်ပေးခြင်းဖြင့် အရိုးရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်ပေးခြင်း


စသည်တို့ဖြစ်ပါသည်။ ကျောက်ကပ်ကို ရောဂါပိုး ကူးစက်ဝင်ရောက်ခြင်းကြောင့် ကျောက်ကပ်ရောင်ခြင်းဖြစ်ပါသည်။ ကျောက်ကပ်ရောင်ခြင်းကို ဖြစ်ပွားစေသော ဘက်တီးရီးယားပိုးမှာ (Streptococcus Pyogenes) ဖြစ်ပါသည်။ ထိုဘက်တီးရီးယားပိုးများသည် အသက်ရှူလမ်းကြောင်းအပေါ်ပိုင်းနှင့် ခန္ဓာကိုယ်၏ အရေပြားများပေါ်တွင် ခိုအောင်းလေ့ရှိပါသည်။ ယင်းတို့ အင်အားကြီးမားလာချိန်နှင့်လူ၏ကိုယ်ခံအားကျဆင်းနေချိန်များတွင် Exotoxins ခေါ် အဆိပ်ဓာတ်များထုတ်လွှတ်ပေးလေ့ရှိသည်။ ထိုအခါ အောက်ပါရောဂါလက္ခဏာများ ဖြစ်ပွားစေတတ်ပါသည်-

၁။ အသက်ရှူလမ်းကြောင်းအပေါ်ပိုင်းရှိ လည်ချောင်းရောင်ခြင်း၊ နာခြင်း၊ အာသီးရောင်ခြင်း၊ အာသီးဝန်းကျင်တွင် ပြည်တည်ခြင်း၊ လည်ပင်းတွင်ရောင်၍ နာကျင်သောအကြိတ်များဖြစ်ခြင်း၊

၂။ အရေပြားပေါ်တွင် အနာစက်ကလေးများ၊ ပြည်တည်နာများဖြစ်ခြင်း၊

၃။ ဆီးသွားလျှင်ပူခြင်း၊ နာကျင်ခြင်း စသည့်လက္ခဏာများဖြစ်ပါသည်။

ထိုလက္ခဏာများဖြစ်ပေါ်လျှင် ဆရာဝန်နှင့်ထိရောက်စွာမကုသပါက ဘက်တီးရီးယားပိုးတို့သည် သွေးလှည့်ပတ်စီးဆင်းမှုထဲသို့ ဝင်ရောက်သွားကာ ဦးနှောက်အမြှေးပါး၊ နှလုံး၊ ကျောက်ကပ်စသည်တို့သို့ ပျံ့နှံ့သွားတတ်ပါသည်။ ထို့မှတစ်ဆင့် ဦးနှောက်အမြှေးပါးရောင်ခြင်း၊ လေးဘက်နာ၊ နှလုံးရောင်ရောဂါနှင့် ကျောက်ကပ်ရောင်ခြင်း စသည်တို့ထပ်ဆင့်ဖြစ်ပွားစေပါသည်။




**ကျောက်ကပ်ရောင်ခြင်း ရောဂါသည် လူကြီး၊ လူငယ်မရွေး မကြာခဏဖြစ်ပွားလေ့ရှိသည့်ရောဂါဖြစ်သည့်အပြင် နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော သွေးတိုးနှင့် နှလုံးရောင်ရောဂါများလည်း တစ်ဆက်တည်းဖြစ်ပွားတတ်ပါသည်။**

ကျောက်ကပ်ရောင်ခြင်း ရောဂါသည် လူကြီး၊ လူငယ်မရွေးဖြစ်ပွားတတ်သောရောဂါဖြစ်ပါသည်။ အမျိုးသားများတွင် အမျိုးသမီးများထက် နှစ်ဆမျှပိုမိုရောဂါဖြစ်ပွားတတ်ပါသည်။ ရောဂါပျိုးချိန်မှာ ဆယ်ရက်ခန့်ဖြစ်ပါသည်။ ရောဂါ၏အဓိကလက္ခဏာများမှာ-

၁။ ဆီးသွားလျှင်သွေးပါလာပြီး အနီရောင်၊ အနီရင့်ရောင်ဆီးများသွားခြင်း၊

၂။ မျက်နှာ၊ မျက်ခွံများမို့ဖောင်းဖောရောင်ခြင်း၊

၃။ ဆီးထဲတွင် အသားဓာတ်များပါဝင်ခြင်း၊

၄။ ဆီးသွားနည်းလာခြင်း၊

၅။ သွေးတိုးခြင်းစသည်တို့ဖြစ်ပါသည်။

ကျောက်ကပ်သည် ရောင်ရမ်းနေသဖြင့် မူလလုပ်ငန်းဆောင်တာများကို မဆောင်ရွက်နိုင်တော့သောကြောင့် ဆီးသွားနည်းလာပြီး မျက်နှာနှင့်ခြေထောက်များဖောရောင်လာပါသည်။ မျက်ခွံများ မို့ဖောင်းနေပြီး အချို့မှာမျက်လုံးပိတ်လုမတတ်ဖြစ်နေတတ်ပါသည်။ သွေးပေါင်ချိန်မြင့်တက်မှုကြောင့် ၅%မှ ၁၀%တွင် ဦးနှောက်ထိခိုက်ခြင်း၊ နှလုံးကြွက်သားများ အဆိပ်သင့်ရောင်ရမ်းခြင်း ဖြစ်တတ်ပါသည်။ ဆီးကိုစစ်ဆေးကြည့်လျှင် အသားဓာတ်များတွေ့ရပေသည်။ ထိုကဲ့သို့ရောဂါများဖြစ်လာပါက ဆရာဝန်နှင့်ပြသတိုင်ပင်၍ ထိရောက်စွာဆေးကုသမှုခံယူရပါမည်။ ထိုသို့ကုသမှုခံယူပါက ၈၆%မှာကောင်းစွာပျောက်ကင်းနိုင်ပါသည်။ ၅%မှ ၁၀%တွင် နာတာရှည်ကျောက်ကပ်ရောင်ရမ်းခြင်းများဖြစ်ပွားတတ်ပါသည်။ ထို့မှတစ်ဆင့် ကျောက်ကပ်ပျက်စီးခြင်းအဆင့်သို့ ရောက်သွားပါတော့သည်။ ကျန် ၄%ခန့်မှာ ရောဂါစတင်ဖြစ်ပွားချိန်တွင်ပင် အလွန်အမင်းဆီးခန်းခြောက်မှု၊ ခန္ဓာကိုယ်အတွင်းရေနှင့်အဆိပ်အတောက်များ မြင့်မားလာမှု၊ နှလုံးထိခိုက်ပျက်စီးသွားရမှုတို့ကြောင့် သေဆုံးကြရပါသည်။ ထို့ကြောင့် လူ့ခန္ဓာကိုယ်အတွင်း ဤမျှအရေးပါလှသော ကျောက်ကပ်၏ကျန်းမာရေးကို အထူးသတိပြုမိစေရန် အရေးကြီးပါသည်။

ကျောက်ကပ်ရောင်ခြင်း ရောဂါဖြစ်ပွားနေချိန်တွင် အရေးအကြီးဆုံးမှာ ခန္ဓာကိုယ်ကိုအနားပေးခြင်းဖြစ်ပါသည်။ လွန်ကဲစွာလှုပ်ရှားမှုပြုလုပ်ခြင်း၊ ပြေးလွှားခုန်ပေါက်ခြင်း၊ စက်ဘီးစီးခြင်းတို့ကို လုံးဝရှောင်ကြဉ်ရပါမည်။ သို့မှသာ ရောဂါပိုးများမပျံ့နှံ့နိုင်ဘဲ ရောင်ရမ်းနေသော ကျောက်ကပ်အား ပြန်လည်ကောင်းမွန်လာစေပြီး သွေးပေါင်ချိန်မြင့်တက်မှုတို့ကို ထိန်းသိမ်းပေးနိုင်မည်ဖြစ်ပါသည်။ အငန်ဓာတ်ပါသောအစားအစာများ ရေနှင့် အသားဓာတ်တို့ကို လျှော့၍စားသောက်သင့်ပါသည်။ ကျောက်ကပ်ကို အနားပေးသည့်သဘောဖြစ်ပါသည်။ ရောဂါအရှိန်ကျသွားချိန်တွင်မူ လျှော့၍စားသောက်ရန် မလိုတော့ပေ။ သို့သော် ရောဂါအလျဉ်းမပျောက်သေးချိန်တွင် အစားအသောက်၊ အနေအထိုင်ကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း အတိအကျလိုက်နာဆောင်ရွက်သင့်ပေသည်။

ကျောက်ကပ်ရောင်ခြင်း ရောဂါသည် လူကြီး၊ လူငယ်မရွေး မကြာခဏဖြစ်ပွားလေ့ရှိသည့်ရောဂါဖြစ်သည့်အပြင် နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော သွေးတိုးနှင့် နှလုံးရောင်ရောဂါများလည်း တစ်ဆက်တည်းဖြစ်ပွားတတ်ပါသည်။ ထို့ကြောင့် ရောဂါပိုးစတင် ဝင်ရောက်ကူးစက်ခြင်းခံရသည့် လက္ခဏာများဖြစ်သောလည်ချောင်းနာခြင်း၊ အာသီးရောင်ခြင်း၊ အရေပြားအနာများ၊ အနာစက်များ စတင်ဖြစ်ပွားသည်နှင့်တစ်ပြိုင်နက် ဆရာဝန်နှင့်ပြသ၍ ထိရောက်စွာကုသသင့်ပါသည်။ ရောဂါပိုးများသည် လေထဲတွင်ပျံ့နှံ့နေတတ်သဖြင့် လူထူထပ်ရာနေရာများကို အလျဉ်းသင့်သလို ရှောင်ကြဉ်သင့်ပေသည်။ မတတ်သာပါက နှာခေါင်းစည်း (Mask) ကိုတပ်ဆင်သင့်ပါသည်။ လည်ချောင်းနာတတ်သူများအနေဖြင့် ခံတွင်းသန့်ရှင်းရေးကို ဂရုစိုက်ခြင်း၊ ရေခဲစားသုံးခြင်းနှင့် ရေခဲရေသောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဆေးလိပ်၊ အရက်နှင့် ကွမ်းယာစားသုံးခြင်းမှရှောင်ကြဉ်ခြင်း၊ လူကြီးလူငယ်မရွေး တစ်ကိုယ်ရည်သန့်ရှင်းအောင် နေထိုင်ခြင်းများကို အထူးဂရုပြု၍ ဆောင်ရွက်သင့်ပေသည်။ ခံနိုင်ရည်ရှိစေရန် အာဟာရပြည့်ဝသော အသီးအနှံ၊ အစားအစာများကိုလည်း ဆရာဝန်ညွှန်ကြားသည့်အတိုင်း စားသုံးသင့်ပါသည်။


မိသားစုကျန်းမာရေးအတွက် အန္တရာယ်တစ်ခုဖြစ်နေသည့် ကျောက်ကပ်ရောင်ခြင်းရောဂါအား သတိထား၊ အသိပွား၍ အသက်အန္တရာယ် ဆုံးရှုံးထိခိုက်သည်အထိ မဖြစ်ကြရစေရန်ရည်ရွယ်ပြီး စေတနာမှန်ဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် သုခအဖြာဖြာပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

Ref : Internal Medicine (2nd Edition)

**ဖန်ခါးမြေရွှေဆင်မင်း**
**ကစစ (၁၃) မကွေး**

ဆောင်းပါး

# မေ့မရနိုင်တဲ့အမှတ်တရအတွေ့အကြုံများ



မြမိုး (ပါရဂူ)

(၈. ၇. ၂၀၁၃) ဒီနေ့ မျှော်လင့်မထားမိခဲ့တဲ့ ခရီးဝေးတစ်ခုကို ကျွန်မစတင်ခဲ့ပါပြီ။ ခရီးသွားရတာကို ကြိုက်နှစ်သက်ပြီး ခရီးရှည်မသွားဖူးသေးတဲ့ ကျွန်မအတွက်တော့ မရောက်ဖူးသေးတဲ့ အရပ်ဒေသတစ်ခုမှာ မတူညီတဲ့ Culture တွေ၊ Belief တွေနဲ့ Religion တွေကို လေ့လာခွင့်ရမှာဖြစ်တဲ့အတွက် အရမ်းပဲပျော်ရွှင်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း လေယာဉ်ကြီး ရန်ကုန်လေဆိပ်ကနေ စတင်ထွက်ခွာလိုက်တဲ့အချိန်မှာ 'သြော် အမိမြေနဲ့ ခဏတာ ခွဲခွာရဦးမှာပါလား။ ငါးလဆိုတဲ့ အချိန်ကာလလေးတစ်ခုတော့ ခွဲခွာခွင့်ပြုပါအမိမြေ' လို့ ရင်ထဲမှတိုးတိုးတိတ်တိတ်တောင်းဆိုနေမိခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ မလေးရှားလေဆိပ်ကိုရောက်ခဲ့ပါတယ်။ နောက်ထပ်တစ်ဆင့် ထပ်မံခရီးဆက်ဖို့စောင့်နေရင်းနဲ့ လေဆိပ်အပြင်အဆင်နဲ့ Design တွေကို လျှောက်ပတ်ကြည့်နေစဉ် လှပတဲ့ Design လေးတွေကိုမြင်ရတော့ 'ငါတို့နိုင်ငံရဲ့ International Airport မှာလည်း ဒီလိုလှပပြီး ခရီးသွားတွေကိုဆွဲဆောင်နိုင်တဲ့ Tourist Attraction တွေရှိရင်' ဆိုတဲ့ အတွေးလေးလည်း တွေးမိခဲ့ပါတယ်။ ဒီလိုနဲ့ မလေးရှားစံတော်ချိန်ညနေ ၄း၃၀ နာရီမှာစတင်ပြီး ထပ်မံထွက်ခွာလာခဲ့ရာ (၉. ၇. ၂၀၁၃) ဒေသစံတော်ချိန်ညနေ ၆ နာရီမှာ ကျွန်မသွားရောက်မယ့်နေရာကို ရောက်ရှိခဲ့ပါတယ်။ CLMMTV လို့ခေါ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မွန်ဂိုလီးယား၊ မြန်မာ၊ တီမောလီစ်နဲ့ ဗီယက်နမ်နိုင်ငံများမှ ကျောင်းသားကျောင်းသူများကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ELTO ဆိုတဲ့ ဆိုင်းဘုတ်ကြီးကိုကိုင်ပြီး ဆီးကြိုနေတာကိုတွေ့ရတော့ 'သြော် ငါရဲ့ဦးတည်ချက်ခရီးကို အောင်မြင်စွာနဲ့ရောက်ခဲ့ပြီပေါ့လေ။ နယူးဇီလန်ဆိုတာ ဒါပါပဲလား' ဆိုတဲ့အတွေးက စတင်ဝင်ရောက်လာခဲ့ပါတယ်။

ကျွန်မတို့တစ်တွေ Immigration ကိုဖြတ်ပြီး အိတ်တွေကိုအစစ်ခံတဲ့နေရာမှာ အမျိုးသမီးတစ်ယောက်က ခွေးကြီးတစ်ကောင်ကိုဆွဲပြီး ခရီးသည်တွေရဲ့ဘေးကနေလျှောက်သွားနေတယ်။ ကျွန်မအနားရောက်တော့ အဲဒီခွေးကြီးက ကျွန်မလက်ထဲမှာဆွဲထားတဲ့ အိတ်နားကနေမခွာတော့ဘူး။ အဲဒီတော့ ခွေးကိုဆွဲထားတဲ့အမျိုးသမီးက ကျွန်မရဲ့အိတ်ကိုယူသွားပါတယ်။ ကျွန်မလည်း ရုတ်တရက်ဆိုတော့ အံ့သြသွားတာပေါ့။ ဒီခရီးက ကျွန်မအတွက် ပထမဆုံးအတွေ့အကြုံဆိုတော့ ဘာကြောင့် ကျွန်မအိတ်ကိုယူသွားတာလဲဆိုတာ မစဉ်းစားတတ်အောင် ဖြစ်နေတာပေါ့။ အခြားသူငယ်ချင်းတွေကလည်း အံ့သြပြီးငေးကြည့်နေကြပါတယ်။ 'ငါ့အိတ်ထဲမှာ ဘာမှလည်းထူးထူးထွေထွေမပါဘဲနဲ့ ဘာ့ကြောင့်ယူသွားရတာလဲ' ဆိုပြီး ကြောက်လည်းကြောက်နေမိတယ်။ အရိုးသားဆုံးဝန်ခံရရင် အဲဒီအချိန်တုန်းက သူတို့တွေရဲ့ Accent တွေကို ကျွန်မကောင်းကောင်း catch မဖြစ်သေးတော့ ပြောရတာသိပ်ပြီး အဆင်မပြေသေးဘူးပေ့။ "The dog has some smell from your bad" ဆိုတဲ့စကားလေးကိုကြားပြီးမှ ကျွန်မသဘောပေါက်လိုက်ပါပြီ။ ဟင်းနံ့တစ်ခုကြောင့်ဆိုတာ၊ သူတို့ဆီမှာ အခြားနိုင်ငံကနေပြီး Bacteria တွေ မဝင်အောင်ဆိုပြီး အစားအသောက်တွေ သယ်မလာဖို့ အပြင်းအထန် တားဆီးထားပါတယ်။ ကျွန်မက မလေးရှားလေဆိပ်မှာစားဖို့ဆိုပြီး ကြက်ကြော်ကိုဘေးအိတ်ထဲမှာထည့်လာခဲ့မိလို့ အနံ့ကကျန်နေတာပါ။ အဲဒီအနံ့ကြောင့် အခုလိုကျွန်မကြုံတွေ့ရတာပေါ့။ တော်ပါသေးတယ်။ မလေးရှားမှာတင် အကုန်အပြီးရှင်းခဲ့လို့။ ကျွန်မ အကျိုးအကြောင်းကို တတ်နိုင်သလောက်ရှင်းပြလိုက်တော့ အဆင်ပြေသွားပါတယ်။ 'သြော် ဒီနည်းပညာကလည်း ရှာဖွေမှုကိုထိရောက်စေပါလား' လို့မှတ်ချက်ချမိပါတယ်။

ဒီလိုနဲ့ ကျွန်မတို့တစ်တွေWellington ဆိုတဲ့မြို့ကြီးကို ရောက်ခဲ့ပါပြီ။ ပထမတစ်ပတ်တော့ Able Tesman Hotel မှာ တစ်ပတ်ကြာထားပြီး eye-test တွေလုပ်ပေးပြီး Wellington ကို sightseeing လိုက်ပြပါတယ်။ နောက်တစ်ပတ်ကစပြီး ကျွန်မတို့တစ်တွေ သက်ဆိုင်ရာမြို့တွေမှာ home -stay နှစ်လနေပြီး ကျောင်းတက်ရပါတယ်။ ကျွန်မကတော့ Nelson ဆိုတဲ့မြို့လေးမှာ နေရပါတယ်။ မြို့လေးက သိပ်မကြီးပေမဲ့ တိတ်ဆိတ်ငြိမ်သက်ပြီး နေချင်စရာကောင်းတဲ့ နေရာလေးတစ်ခုပါ။ ကျွန်မရဲ့ homestay အမေနာမည်က Ruth ပါ။ ကျွန်မက ဗီယက်နမ်ကကျောင်းသူတစ်ယောက်နဲ့အတူ Ruth အိမ်မှာနေရပါတယ်။ Ruth က သဘောကောင်းပြီး ဖော်ရွေတဲ့ အမျိုးသမီးကြီးတစ်ယောက်ပါ။ homestay ရဲ့ရည်ရွယ်ချက်က မတူညီတဲ့ culture တွေကို အနီးကပ်လေ့လာဖို့နဲ့ knowledge share လုပ်ဖို့ပါ။ အဲဒီလိုနေရတော့မှ တကယ့်ကိုမတူညီကွဲပြားလွန်းလှတဲ့ နယူးဇီလန်နဲ့မြန်မာရဲ့ culture တွေကို သိရှိခဲ့ရပါတယ်။ နောက်ပြီး culture မတူတော့ တစ်ဦးနဲ့တစ်ဦး communicate လုပ်တဲ့အခါမှာကြုံတွေ့ရတဲ့ အခက်အခဲပြဿနာလေးတွေကအစ နားလည်ခဲ့ပါတယ်။ ဥပမာပြောရရင် ကျွန်မတို့ရဲ့ယဉ်ကျေးမှုမှာ မျက်နှာသုတ်ပဝါကို လုံချည်တွေနဲ့ရောပြီး မလျှော်ကြပေမဲ့ သူတို့ကတော့ အကျႌ၊ ဘောင်းဘီ၊ တဘက်၊ ခြေအိတ်စသည်ဖြင့် အားလုံးကိုတစ်ခါတည်းရောပြီး အဝတ်လျှော်စက်ထဲကိုစုထည့်ပြီးလျှော်ကြပါတယ်။ အသိသာဆုံးကတော့ သားသမီးနဲ့မိဘတွေရဲ့ relationship နဲ့ အရွယ်ရောက်လာတဲ့ လူငယ်တွေရဲ့ lifestyle တွေပါပဲ။ အရွယ်ရောက်လာပြီဆိုရင် မိဘနဲ့သားသမီးအပြန်အလှန် မှီခိုမှုမရှိတော့ပါဘူး။ မိဘကလည်း သားသမီးအတွက် တာဝန်ယူစရာမလိုတော့သလို သားသမီးတွေကလည်း မိဘတွေကိုကြည့်ရှုစောင့်ရှောက်ရမယ့် ဝတ္တရားဆိုတာမရှိပါဘူး။ သားသမီးတွေက အသက် ၁၈-၂၀ လောက်ဆိုရင် မိဘတွေဆီကခွဲထွက်သွားပြီး boyfriend, girlfriend ဒါမှမဟုတ် အခြား room partner တစ်ယောက်ယောက်နဲ့အတူနေပြီး ကိုယ့်ဘဝကို ကိုယ်တိုင်ခြယ်မှုန်းကြပါတယ်။ ဥပမာပြောရရင် ကျွန်မရဲ့ homestay အဒေါ်ကြီးမှာ သားသမီး ၂ ယောက်ရှိပါတယ်။ သမီးက single ပါ။ ဒါပေမဲ့ မိဘနဲ့အတူမနေပါဘူး။ အဒေါ်ကြီးက အသက် ၆၀ ကျော်နေပါပြီ။ ဒါပေမဲ့ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နေပါတယ်။ ကျွန်မက တကယ်လို့ ကိုယ့်ဘာသာကိုယ်မရပ်တည်နိုင်တော့ရင် ဘာလုပ်မလဲလို့မေးကြည့်တော့ လူအိုရုံမှာသွားနေရပါတယ်တဲ့။ ယောက်ျားနဲ့မိန်းမ လက်မထပ်ဘဲ နှစ်ဦးသဘောတူသားသမီးယူလို့ရပါတယ်။ ကျွန်မတို့ရဲ့ ဆရာ/ဆရာမတွေ တော်တော်များများဟာ လက်မထပ်ဘဲ သားသမီးယူထားသူတွေပါ။ လက်မထပ်ရသေးရင် 'husband','wife' တို့မသုံးဘဲ Life partner လို့ပဲ သုံးလေ့ရှိကြပါတယ်။ ချစ်စရာကောင်းတဲ့ အလေ့အထတစ်ခုကတော့ သားသမီးနဲ့မိဘဖြစ်ပေမဲ့ 'Thank you, Mum', 'Thank you darling' ဆိုတဲ့စကားကတော့ ဝတ္တရားမပျက်စေခဲ့တဲ့ အမူအကျင့်လေးတွေပါ။ Newzealander တွေက ဖော်ရွေကြပါတယ်။ လမ်းမှာတွေ့တဲ့အခါ တစ်ယောက်နဲ့တစ်ယောက်မသိပေမဲ့ Hi, morning စသည်ဖြင့် အမြဲတမ်းနှုတ်ဆက်တတ်ကြတာဟာလည်း သူတို့ရဲ့ချစ်စရာ culture လေးတစ်ခုပါပဲ။

ကျွန်မကလည်း ကျွန်မတို့ရဲ့တန်ဖိုးထားမြတ်နိုးစရာကောင်းတဲ့ မြန်မာ့ယဉ်ကျေးမှုလေးတွေကိုပြန်ပြီး share လုပ်ပေးခဲ့ပါတယ်။ ကျွန်မတို့မြန်မာတွေက သားသမီးနဲ့မိဘအပြန်အလှန် စောင့်ရှောက်ကြတယ်၊ အလေးထားကြတယ်၊ လူကြီးနဲ့လူငယ်အပြန်အလှန် လေးစားမှုရှိတယ်။ လူငယ်တွေကလည်း လက်မထပ်ဘဲအတူမနေကြဘူး။ လက်ထပ်ပြီးနောက်လည်း မိဘတွေနဲ့အတူနေကြတယ်။ မိဘတွေက သူတို့ရဲ့မြေးတွေနဲ့အတူ အိမ်မှာနေရတဲ့အတွက် အထီးကျန်မဆန်ဘဲ ဘဝကိုပျော်ပျော်ရွှင်ရွှင်နဲ့ဖြတ်သန်းနိုင်တယ် စသည်ဖြင့်ပေါ့ ပြောပြလိုက်တော့ Ruth ကအရမ်းအံ့သြနေပါတယ်။ ကျွန်မကိုယ်တိုင်အနောက်တိုင်းယဉ်ကျေးမှုတွေကို တကယ်ကြုံတွေ့ရမှ ကျွန်မတို့ရဲ့ချစ်စရာကောင်းတဲ့မြန်မာ့ယဉ်ကျေးမှုတွေက တကယ့်ကိုတန်ဖိုးမဖြတ်နိုင်တဲ့ အရာတွေဆိုတာ ပိုပြီးနားလည်သဘောပေါက်ခဲ့ရပါတယ်။ ကျွန်မတို့တစ်တွေ နယူးဇီလန်နဲ့ ကိုယ့်နိုင်ငံရဲ့မတူညီတဲ့ အချက်တွေဆိုပြီး research report ရေးရပါတယ်။ အဲဒီအခါ ကျွန်မက Ruth နဲ့ Share လုပ်ထားတာတွေကို reference ထားပြီး 'Lifestyle of Adults in Newzealand and Myanmar' ဆိုတဲ့ခေါင်းစဉ်နဲ့ မတူညီတဲ့

စာမျက်နှာ ၁၅ သို့ -

**စာမျက်နှာ ၁၄ မှ -**

လူငယ်တွေရဲ့ culture တွေကိုပေါ်လွင်အောင် နှိုင်းယှဉ်ရေးလိုက်ပါတယ်။ ကျွန်မရဲ့ report ကိုဖတ်ပြီး ကျွန်မရဲ့ဆရာမက စိတ်ဝင်စားလို့ဆိုပြီး သူသိချင်တာလေးတွေကို share လုပ်ခိုင်းပါတယ်။

သင်ကြားမှုပိုင်းကတော့ Student-centered approach နဲ့သင်ကြားပြီး brain stroming နည်းလမ်းတွေသုံးတတ်ဖို့ trend လေးပဲပေးပြီး အားလုံးကို self-study လုပ်ခိုင်းတာပါ။ အဓိက ကတော့ သူတို့နိုင်ငံရဲ့ အထင်ကရလုပ်ငန်းတွေကို လေ့လာဖို့ trip တွေစီစဉ်ပေးပါတယ်။ ဥပမာ- Sheep farming, Cow farming, Salmon farming, Mussel farming, Pile Industry, Chocolate factory, Wine Factory စတဲ့လုပ်ငန်းတွေကို လေ့လာဖို့လိုက်ပို့ပါတယ်။ နွားတွေ၊ သိုးတွေ မွေးမြူတဲ့နေရာမှာ တစ်ကောင်ချင်းစီရဲ့နားရွက်တွေမှာ electronic device လေးတွေ ကပ်ပေးထားပါတယ်။ အဲဒီ device လေးတွေကနေ သူတို့မှာမျိုးရှိ/မရှိ၊ weight ဘယ်လောက်ရှိလဲ စသည်ဖြင့်စစ်ဆေးသိရှိနိုင်ပါတယ်။ နောက်ပြီးတော့ စားကျက်တွေကိုလည်း အမြဲသန့်ရှင်းသပ်ရပ်နေအောင် လုပ်ထားပါတယ်။ စားကျက်ထဲမှာရှိတဲ့ နွားတွေ၊ သိုးတွေကို အချိန်တန်လို့ ခြံထဲကိုသွင်းတော့မယ်ဆိုရင် ခွေး ၂ ကောင်ကိုလွှတ်ပြီး စုခိုင်းပါတယ်။ ကျွန်မအတွက်တော့ အဲဒီပညာကလည်း တကယ့်ကိုအံ့ဩစရာတစ်ခုပါ။ ကျွန်မတို့ရှေ့မှာတင် ခွေး ၂ ကောင်ကို command ပေးပြီး သိုးတွေကိုခေါ်လာခိုင်းပြီး ခြံထဲကိုသွင်းခိုင်းပြပါတယ်။ ဒီလိုနဲ့ ၂ လကြာပြီးနောက် ကျွန်မတို့တစ်တွေ Wellington မှာရှိတဲ့ Victoria University မှာ ၃ လဆက်တက်လေ့လာခွင့်ရခဲ့ပါတယ်။ အဲဒီမှာလည်း trip တွေစီစဉ်ပေးပါတယ်။ ကျွန်မတို့တစ်တွေကို Newzealand ရဲ့ Parliament ကို လေ့လာဖို့စီစဉ်ပေးခဲ့ပါတယ်။ Parliament ကိုလေ့လာတဲ့အခါမှာ ကျွန်မအတွက် နောက်ထပ်ထူးခြားတဲ့ အတွေ့အကြုံတစ်ခုထပ်မံရခဲ့ပါတယ်။ Government ဘက်နဲ့ Opposition ဘက်အဖွဲ့တွေဟာ တစ်ဦးနဲ့တစ်ဦးထောက်ပြ ငြင်းခုန်နေကြတာ ရန်ဖြစ်နေသလားလို့တောင် ထင်ရလောက်ပါတယ်။ Government ဘက်က ဝန်ကြီးတွေ တင်ပြတာတွေကို မကြိုက်ရင် Opposition ဘက်က လက်ညှိုးထိုးပြီး stop, stop ဆိုပြီးအော်ကြပါတယ်။ ဒါဟာလည်း ကျွန်မဘဝရဲ့အမှတ်တရအတွေ့အကြုံတစ်ခုပါပဲ။ ကျွန်မတို့ကျောင်းကိုလာပြီးတော့ အဖွဲ့အစည်းအသီးသီးကနေ သူတို့ရဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီး Presentation တွေပေးပြီး share လုပ်ပေးကြပါတယ်။ အဲဒီလိုလုပ်တဲ့အခါတိုင်းမှာလည်း Presenter တွေက မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုတွေကို sample ထားပြီး နှိုင်းယှဉ်တင်ပြတတ်ကြပါတယ်။ ဒီလိုပါပဲ။ မြန်မာပြည်ကပါလို့ မိတ်ဆက်လိုက်တာနဲ့အခုမြန်မာပြည်က ပြောင်းလဲမှုတွေ အရမ်းမြန်တယ်နော်ဆိုတာ အမြဲပြောလေ့ရှိကြပါတယ်။ ကျွန်မမမေ့နိုင်ဆုံးနဲ့ ဂုဏ်အယူဆုံးကတော့ ကျွန်မတို့အတွက်ဆိုပြီး နယူးဇီလန်မှာရှိတဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်သံရုံးတွေက အကြီးအကဲတွေက ASEAN Panel Presentation ဆိုပြီး အာဆီယံနိုင်ငံတွေနဲ့ပတ်သက်ပြီး ဆွေးနွေးတင်ပြရာမှာ ဖိလစ်ပိုင်မှအမျိုးသမီးက 'Myanmar; Sleeping beauty has awaken now' ဆိုတဲ့စကားလုံးလေးနဲ့ အာဆီယံနိုင်ငံတွေကြားမှာ ထင်ရှားအောင်နှိုင်းယှဉ်ပြသွားတာကို ကြားလိုက်ရတော့ ငါတို့နိုင်ငံဟာ အခုအာဆီယံနိုင်ငံတွေရဲ့ role model တစ်ခုဖြစ်နေတယ်ဆိုတာ သိလိုက်ရပြီး အရမ်းကို ဂုဏ်ယူဝမ်းသာပီတိဖြစ်မိပါတယ်။ မြန်မာ့အလှကို ကမ္ဘာကိုပြမည်၊ မြန်မာ့စိတ်ဓာတ်ကို ကမ္ဘာကသိစေမည်ဆိုတဲ့ သီချင်းလေးကိုတောင် သွားပြီးသတိရလိုက်မိသေးတယ်။ 'ဩော် အခုတော့ ကျွန်မတို့နိုင်ငံရဲ့အလှ၊ ကျွန်မတို့လူမျိုးတွေရဲ့စိတ်ဓာတ်နဲ့ ကျွန်မတို့နိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုတွေကို သူတို့တွေသိမြင်သွားကြပြီ' ဆိုတာ ပြန်လည်မျှဝေပေးလိုက်ရင်းနဲ့ ဒီလိုပြောင်းလဲမှုတွေနဲ့အတူ ကျွန်မတို့ရဲ့သမားရိုးကျစွဲမြဲနေတဲ့ အတွေးအခေါ် အယူအဆတွေ (sterotyped thinking, assumption) တွေကိုလည်း ခေတ်နှင့်အညီပြောင်းလဲပြီး ကျွန်မတို့ရဲ့ 'စက်မှုဝန်ကြီးဌာန' ဆိုတဲ့သစ်ပင်ကြီးကနေ ချိုမြိန်ပြီး အရည်အသွေးပြည့်ဝတဲ့ အသီးအပွင့်တွေ ထာဝရထုတ်လုပ်ပေးနိုင်ဖို့အတွက် ထက်မြက်၊ မှန်ကန်၊ မျှတတဲ့အတွေးအခေါ်၊ အယူအဆ၊ ဗဟုသုတဆိုတဲ့ထိရောက်တဲ့ မြေဆီမြေဩဇာတွေကို အစဉ်မပြတ်ရှာဖွေ တိုက်ကျွေးကြပါစို့လားရှင်. . . .။

## ဆင့်ပွားသင်တန်းပို့ချ

အလုပ်အကိုင်ကျွမ်းကျင်မှု 'စံ' ရေးဆွဲရေးသည် လုပ်ငန်း/ဌာနများအတွက်သာမက မြန်မာနိုင်ငံလုပ်သားထုတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက်ပါ အရေးပါလှသည်။ ထို့ကြောင့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ Focal Point အဖြစ်တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဌာန်းရေးအဖွဲ့ (National Skill Standard Authority-NSSA) နှင့်စင်ကာပူနိုင်ငံ Temasek Foundation၊ အိုင်တီအီးပညာရေးဝန်ဆောင်မှုတို့ပူးပေါင်း၍ ဆင့်ပွားသင်တန်းများဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါဆင့်ပွားသင်တန်းသို့ တက်ရောက်ခဲ့သော စက်မှုဝန်ကြီးဌာနမှပုဂ္ဂိုလ်များက ဌာနတွင်းဆင့်ပွားသင်တန်းဆက်လက်ပို့ချခြင်းကို မတ်လ ၂၅ ရက်နေ့ နေ့လယ် ၁ နာရီမှ ၄ နာရီထိ ရုံးအမှတ် (၃၀)၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ယင်းဆင့်ပွားသင်တန်းအား စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ လ/ထညွှန်ကြားရေးမှူး ဒေါက်တာခင်ပပစိုးက သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသို့လုပ်ငန်းဌာနများမှ သင်တန်းသား ၁၈ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။




*The Golden Industrial Journal*

**အတိုင်ပင်ခံအယ်ဒီတာ**
ဒေါ်ခင်မာရီ

**အယ်ဒီတာချုပ်**
ဦးအောင်စိုးရ

**အယ်ဒီတာ**
ဦးခင်မောင်သိန်း
ဦးအောင်မျိုးခိုင်
ဦးသောင်းဦး
ဦးကျော်လှိုင်

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဒေါ်သစ်သစ်အောင်

**ကွန်ပျူတာစာစီ**
ဒေါ်နှင်းသီတာ

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
မှတ်ပုံတင်အမှတ် - ၀၄၆၅၉
လိပ်စာ - အခန်း ၂၂၊ တိုက် ၄၆၊
ပညာသိဒ္ဓိရပ်ကွက်၊ နေပြည်တော်

**ပုံနှိပ်တိုက်**
ရွှေနိုင်ငံ

**ပုံနှိပ်သူ**
ဦးမောင်မောင်လှ
မှတ်ပုံတင်အမှတ် - ၀၅၇၄၅
အမှတ် (၉၀) ကမ္ဘာအေးဘုရားလမ်း၊
ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်


**စောင်ရေ**
၆၆၄၅

**တန်ဖိုး**
၂၀၀ ကျပ်

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်။
ဖုန်း - ၀၆၇ ၄၀၅၀၅၁
E-mail
shwesethmu@gmail.com

**ဖြန့်ချိရေး**
စက်မှုဝန်ကြီးဌာန

# သားသမီး သုံးမျိုးအကြောင်း



ချိုကြီး (ပခုက္ကူ)

ကျွန်မတို့နေထိုင်ရာ ကမ္ဘာမြေကြီးတွင် လူရယ်လို့ဖြစ်လာကတည်းက မိမိကိုမွေးထုတ်လိုက်သော မိခင်နှင့်ဖခင်မှာ ရှိကြစမြဲပင်ဖြစ်ပါသည်။ ထို့အပြင် မနုဿလူသားအများစု၏ ရုပ်ရည်အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝါသနာထုံမှု အပြုအမူအပြောအဆိုအနေအထိုင်များသည်လည်း မိမိကိုမွေးထုတ်လိုက်သော မိခင်ဖခင်များတွင်ပါရှိကြသည့်အတိုင်း များသောအားဖြင့်တူညီကြသည်။ ထို့ကြောင့် လူမှာအမျိုး ကြက်မှာအရိုးဟူသောစကားပုံပေါ်ထွက်လာခြင်း မဟုတ်ပါလား။ ရုပ်ရည်ချောမောလှပပြီး အသိအလိမ္မာဉာဏ်ပညာနှင့်ပြည့်စုံသော မိဘများမှမွေးထုတ်လိုက်သော သားငယ်သမီးငယ်များသည် ရုပ်ရည်ချောမောပြီး အသိအလိမ္မာနှင့်ပြည့်စုံကြသည်ကိုလည်း တွေ့ရှိကြမည်ဖြစ်ပါသည်။

ဤသို့ သားသမီးများပိုင်ဆိုင်ထားသော အသိအလိမ္မာနှင့် အလေ့အထများသည် မိဘများ၏ နေ့စဉ်အပြုအမူ အနေအထိုင်၊ သီလစောင့်ထိန်းမှု စသည့် စံနမူနာအပြင် သင်ခန်းစာများနှင့် မိဘများ၏အနီးကပ် လက်ပွန်းတတီးဆုံးမမှုကြောင့်လည်း ဖြစ်ပေလိမ့်မည်။ သို့သော် သားသမီးများ၏ ဆိုးမှု၊ ကောင်းမှုများသည် မိဘများ၌သာတာဝန်ရှိသည်ဟု ပြောဆို၍ လုံးဝမရနိုင်ပါ။ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် မိဘများနှင့်အနီးကပ်အတူမနေကြရသော သားသမီးများလည်း ရှိကြမည်ဖြစ်ပြီး ထိုသူတို့သည် ၎င်းတို့အားစောင့်ရှောက်သော အကြီးအကဲများ၊ ဆရာသမားများ၊ ပတ်ဝန်းကျင်ဘဝပေးအခြေအနေနှင့် အချိန်အခါစသည်များ၏ ဩဇာလွှမ်းမိုးမှုအတိုင်း အသိအလိမ္မာမှအစ အရာရာတိုင်းသည် မိဘများနှင့် ကွဲပြားနေမည်ဖြစ်ပါသည်။

တခါတုန်းက တောအုပ်ကြီးတစ်ခုအတွင်းမှ ကျေးညီနောင်နှစ်ကောင်သည် လေပြင်းတိုက်၍ကွဲကွာခဲ့ရာမှ သူတော်ကောင်း ရသေ့မင်းဆီကိုရောက်ရှိပြီး ကြီးပျင်းခဲ့သောကျေးကလေးသည် အသိအလိမ္မာနှင့်ပြည့်စုံပြီး လူမိုက်တို့၏လက်ထဲသို့ ရောက်ရှိသွားသောကျေးကလေးမှာ လိမ္မာယဉ်ကျေးမှုမရှိကြောင်းကို မူလတန်းဖတ်စာတွင် သင်ကြားခဲ့ဖူးပါသည်။ ကျွန်ုပ်တို့ လူ့ဘောင်လူ့လောကဆိုသည်ကား တစ်ဦးတစ်ယောက်တည်းနေထိုင်သွားလာ၍ မရနိုင်သောအဖွဲ့အစည်းကြီးတစ်ခုလည်းဖြစ်ပါသည်။ ထို့ကြောင့် လူမှုဆိုင်ရာအသိအလိမ္မာ၊ သီလပညာနှင့်ပြည်စုံသူတစ်ဦးသည် မိမိ၏ပတ်ဝန်းကျင်ကို အတုယူပြောင်းလဲသွားအောင် နေထိုင်ပြနိုင်မည်လား ပတ်ဝန်းကျင်က မိမိအားသိမ်းသွင်း ပြောင်းလဲသွားစေမည်လားဟူသော အချက် (၂) ချက်ကို သတိရှိရမည်ဖြစ်ပါသည်။

ထို့ကြောင့် သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံပြီး အတွေးအကြံများစွာရင်းနှီးသိုလှောင်ထားသော မိခင်ဖခင်များနှင့် အကြီးအကဲများသည် မိမိတို့ပြုစုပျိုးထောင်ခဲ့သည့် အသိအလိမ္မာနှင့်ပြည့်စုံသော သားသမီးများအား စိတ်ဓာတ်ကြံ့ခိုင်ပြီးခံယူချက်များမပျောက်ဆုံးရအောင် သွန်သင်ဆုံးမရမည်မှာ သမိုင်းပေးတာဝန်သာဖြစ်ပါသည်။ 'ကောင်းသည့်အလုပ်ကိုပြုလုပ်လျှင် ကောင်းကျိုးခံစားရပြီး၊ မကောင်းမှုပြုလျှင် မကောင်းကျိုးခံစားရမည်ဟူသောကံ၊ ကံ၏အကျိုးကို နားလည်လက်ခံလာအောင် သွန်သင်ဆုံးမနိုင်ပြီး၊ ဤသည်ကား လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားအတွက် မိမိ၊ သူတစ်ပါး အကျိုးရစေသည်။ ဤသည်ကား အကျိုးမရှိသောလမ်း' ဟူ၍ စွဲမြဲခိုင်မာသွားအောင် သွန်သင်ဆုံးမနိုင်ရန်လိုအပ်ပေမည်။ ဤအဆုံးအမများကို သားငယ်၊ သမီးငယ်များ၏စိတ်တွင် ခိုင်မြဲသွားပါကအရွယ်မရောက်သေးမီ မိဘများနှင့် ခွဲခွာသွားခဲ့လျှင်သော်မှ သားသမီးများသည် ရောက်လေရာ အရပ်ဒေသတိုင်းတွင် ကောင်းမွန်သောအသိပညာ အလေ့အထများကို ရွေးချယ်ယူငင်သိမ်းပိုက်နိုင်မည်ဖြစ်ပါသည်။

ပန်းချီဆရာတစ်ဦးသည် မိမိ၏ ပန်းချီကားတစ်ချပ်အား လှသည်ထက်လှစေရန် ရေးဆွဲချယ်မှုန်းသကဲ့သို့ သတ္တလောကကြီးတစ်ခုလုံးမှ မိခင်ဖခင်များသည် မိမိတို့ ချစ်သားချစ်သမီးများ၏ ဘဝတစ်လျှောက်လုံး သာယာဖြောင့်ဖြူးလှပစေရန် ပုံစံအမျိုးမျိုးသွင်း၍ မေတ္တာစုတ်တံများနှင့် ချယ်မှုန်းပေးခဲ့ကြမြဲဖြစ်ပါသည်။ သို့သော် မျိုးဆက်သစ်သားသမီးများ၏ ဆိုဆုံးမလွယ်မှု၊ နာခံတတ်မှု၊ တာဝန်ကိုသိတတ်မှု၊ စိတ်ထားနူးညံ့သိမ်မွေ့မှု၊ ဝါသနာထုံမှု၊ ရှေးရှေးဘဝကပြုခဲ့ဖူးသော ကံတရားများပေါ်တွင်မူတည်၍ သားသမီးတစ်ဦးနှင့်တစ်ဦး အသိအလိမ္မာနှင့်ဘဝအနေအထိုင်များ ကွာခြားခဲ့ကြပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်လက်ထက်တော်ကတည်းက သားသမီးများအား-

(၁) မိဘထက်အသိအလိမ္မာ ဉာဏ်ပညာကြီးကျယ်မြင့်မြတ်သော- အဘိဇာတသားသမီး။

(၂) မိဘနှင့်တန်းတူအသိအလိမ္မာ ဉာဏ်ပညာရှိသော- အနုဇာတသားသမီး။

(၃) မိဘထက် အသိအလိမ္မာဉာဏ်ပညာနိမ့်ကျသော- အဝဇာတသားသမီး ဟူ၍ သားသမီး (၃) မျိုးရှိခဲ့ပုံကို ဟောကြားခဲ့သည် မဟုတ်ပါလား။ ယနေ့ခေတ် ကျွန်မတို့နိုင်ငံတွင်လည်း မိဘထက်အသိအလိမ္မာ ဉာဏ်ပညာကြီးကျယ်မြင့်မြတ်သော သံဃာတော်ကြီးများ၊ သီလရှင်ဆရာလေးများ များစွာရှိခဲ့ပါသည်။ ထို့အပြင် သီလ၊ သမာဓိ၊ ပညာနှင့်ပြည်စုံသော မိဘအားပြုစုစောင့်ရှောက်နေကြသည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ၊ ကိုယ်ကျင့်သီလပြည်စုံပြီး ဗြဟ္မစိုရ်တရားလက်ကိုင်ထားကာ မိမိ၊ သူတစ်ပါး လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြသူများစသည်စသည်ဖြင့် သားကောင်းများစွာကိုမွေးထုတ်ခဲ့သော ပဲ့ကိုင်ရှင်မိဘများသည် ပြည့်စုံကြွယ်ဝသော မိခင်ဖခင်များသာမက ဖြူစင်ရိုးသားသော တောင်သူလယ်သမားကြီးများလည်း အပါအဝင်ဖြစ်ပါသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် မည်သို့သောအဆင့်အတန်းအခြေအနေတွင်မဆို သားသမီးကောင်းများအား ပြုစုပျိုးထောင်နိုင်ကြသည်ကို တွေ့ရှိရပေမည်။ မည်သို့ပင်ဖြစ်စေ မိဘများသည် သားသမီးများကို 'လိမ္မာ' ၍တစ်မျိုး၊ 'ဆိုး' ၍တစ်ဖုံ၊ 'အ' ၍စိတ်မချ ဆိုသည့်အတိုင်း အနှိုင်းမဲ့မေတ္တာများနှင့် ပြုစုစောင့်ရှောက်ခဲ့ကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဗိမ္ဗိသာရမင်းသည် မိမိအားသတ်မည့်သားအားမွေးမည်ကိုသိပါလျက်နှင့် သားတော် အဇာတသတ်မင်းသားအား မွေးဖွားစေခဲ့ပြီး ကြင်နာယုယစွာစောင့်ရှောက်ခဲ့သည်။ ပညာသင်ကြားပေးခဲ့သော ဆရာကြီးများက လူတော်တစ်ယောက်ဟု ချီးမွမ်းခံခဲ့ရသော အဇာတသတ်မင်းသားသည် အပေါင်းအသင်းမှားယွင်းမှု၊ ခံယူချက်များမခိုင်မာမှုကြောင့် ဖခင်ဖြစ်သူအား သတ်ခဲ့သည်အထိ မိုက်မဲခဲ့ပါသည်။ မိဘများနှင့်မခြား သဒ္ဓါတရားပြည့်စုံပြီး စိတ်ဓာတ် ဓာတ်ခံကောင်းသောမင်းသားသည် နောက်ဆုံးတွင် မိခင်ဖြစ်သူ၏ ဆုံးမမှုကြောင့်ပင် မြတ်စွာဘုရားနှင့်ရတနာသုံးပါးအား ဆည်းကပ်ကိုးကွယ်ခဲ့ပြီး ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီးနောက် ပထမသံဃာယနာကိုတင်ခဲ့သူအဖြစ် ထင်ရှားခဲ့ပါသည်။ ဤဗုဒ္ဓဇာတ်တော်ကို ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သိရှိထားကြမည်ဖြစ်ပြီး မိမိထက် အသိအလိမ္မာကြီးကျယ်မြင့်မြတ်သော အဘိဇာတသားသမီးဖြစ်စေရန်အလို့ငှာ မှန်ကန်သောခံယူချက်များစွဲမြဲခိုင်ခံ့အောင် မျိုးစေ့အရင်ချရမည်မှာ အဓိကဖြစ်ကြောင်း သိရှိကြရမည်ဖြစ်သည်။ မျိုးစေ့မမှန် ပင်မသန်ဆိုသည့်စကားအတိုင်း၊ မျိုးစေ့မချပါကလည်း အပင်ပေါက်နိုင်မည်မဟုတ်ပါ။ သို့မှ တစ်ဆင့် ရေလောင်းခြင်းဟူသော အထောက်အပံ့ များ၊ ပေါင်းသင်းခြင်းဟူသော ကောင်းသောပတ်ဝန်းကျင်ကို ရွေးချယ်ပေးပြီး ဥတုရာသီဟူသော အခြေအနေနှင့် အချိန်အခါ ကောင်း၊ မကောင်း စသည်ဖြင့်မျှတအောင် အကွက်ကျကျ ပြုစုပျိုးထောင်နိုင်ပါက သစ်တစ်ပင်ကောင်း၍ငှက်တစ်သောင်း နားနိုင်သော အပင်ကြီးကိုရရှိသကဲ့သို့ အများသူတစ်ပါးတန်ဖိုးထားရသော သားသမီးကောင်းတစ်ဦးပေါ်ထွန်းလာနိုင်မည်ဖြစ်ပါသည်။ ဤသို့ အဘိဇာတသားသမီးမှ နောက်ထပ် အဘိဇာတသားသမီးများ ဆင့်ကာဆင့်ကာပျိုးထောင်နိုင်ပါလျှင် ကျွန်မတို့ မြန်မာနိုင်ငံကြီးသည် အေးချမ်းသာယာပြီး လိုက်၍မမီအောင်တိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာမည်မှာ သေချာပါကြောင်းနှင့် စာဖတ်သူပရိသတ် အားလုံးတို့အားလည်း သားကောင်း သမီးကောင်းများရရှိပိုင်ဆိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

## စက်ပစ္စည်းကိရိယာထောက်ပံ့ရောင်းချမှု သဘောတူစာချုပ်လက်မှတ်ရေးထိုး



စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ကော့စတစ်ဆိုဒါစက်ရုံစီမံကိန်း (သထုံ) အတွက် စက်နှင့်စက်ပစ္စည်းကိရိယာထောက်ပံ့ရောင်းချမှုသဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မတ်လ ၃၁ ရက်နေ့ နံနက် ၁၀ နာရီက ရုံးအမှတ် (၃၇) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးမျိုးအောင်တက်ရောက်အားပေးသည်။

အခမ်းအနားတွင် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန်က ကော့စတစ်ဆိုဒါစက်ရုံစီမံကိန်း (သထုံ) အတွက် စက်နှင့်စက်ပစ္စည်းကိရိယာထောက်ပံ့ရောင်းချမှုရည်ရွယ်ချက်အား ရှင်းလင်းတင်ပြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China North Industries Corporation (NORINCO) Co., နှင့် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးကြကာ စာချုပ်များကိုအပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် သဘောတူညီချက်လက်မှတ်ရေးထိုးခြင်းအတွက် NORINCO ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## အင်ဒိုနီးရှားနိုင်ငံတွင် ညီလာခံတက်ရောက်ခဲ့

ဂျာမန်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ [ Deutsche Gesellschaft fur International Zusammenarbeit (GIZ) GmbH] ကကြီးမှူး၍ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ဧပြီလ ၁ ရက်နေ့မှ ၂ ရက်နေ့အထိပြုလုပ်သည့် ဒုတိယအကြိမ်မြောက် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် ကျွမ်းကျင်မှုလေ့ကျင့်ရေးညီလာခံသို့ စက်မှုစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုလွင် တက်ရောက်ခဲ့သည်။ ၎င်းနှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

## စက်မှုသင်တန်းကျောင်း (ပခုက္ကူ) (၄) နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပ

စက်မှုဝန်ကြီးဌာန စက်မှုစီမံကိန်းဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာနအောက်ရှိ စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၏ (၄) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို မတ်လ ၃၀ ရက်နေ့ နံနက်က အဆိုပါသင်တန်းကျောင်းစုဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ နှစ်ပတ်လည်နေ့သို့ပေးပို့သော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏သဝဏ်လွှာအား လူ့စွမ်းအားအရင်းအမြစ်ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဆက်ကဖတ်ကြားသည်။




နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် နံနက်ပိုင်းတွင် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက တေးသီချင်းများ၊ တစ်ခန်းရပ်ပြဇာတ်များဖြင့် ဧည့်ခံဖျော်ဖြေပြီး ဝန်ထမ်းများနှင့်သင်တန်းသား၊ သင်တန်းသူများအား ဗလာမပါကံစမ်းမဲများဖောက်ပေးကာ အခမ်းအနားကိုပျော်ရွှင်စွာရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

## SMEs အထောက်အကူပြုသင်တန်းဖွင့်

စက်မှုဝန်ကြီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့် ဂျာမနီနိုင်ငံအခြေစိုက် Friedrich Naumann Foundation (FNF) တို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်နှင့် SME လုပ်ငန်းရှင်များအား Capacity Building မြင့်တင်နိုင်ရန်အတွက် 'SMEs Entrepreneurship Training' ကို မတ်လ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ ကနောင်အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ သင်တန်းသို့ မန္တလေးတိုင်းစက်မှုဇုန်၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မန္တလေးစက်မှုဇုန်မှသင်တန်းသား ၄၇ ဦး၊ ရွှေဘိုစက်မှုဇုန်မှ သင်တန်းသား ၄ ဦး၊ မုံရွာစက်မှုဇုန်မှ သင်တန်းသား ၂ ဦးနှင့် ပြင်ပမှစိတ်ဝင်စားသူ စီးပွားရေးလုပ်ငန်းရှင် ၇ ဦး စုစုပေါင်း ၆၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။



## ဂျာမနီနိုင်ငံတွင် မဟာဘွဲ့သင်တန်းတက်

ဂျာမနီပညာရေးဝန်ဆောင်မှုဖလှယ် ရေးတက္ကသိုလ် (DAAD) က ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ချီးမြှင့်သည့်ပညာသင်ဆုအရ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မှ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက် နေ့ အထိဖွင့်လှစ်မည့် အထည်အလိပ်နှင့် အသင့်ဝတ်ချုပ်ထည်များဆိုင်ရာ မဟာသိပ္ပံဘွဲ့သင်တန်းသို့ အထည်အလိပ်လုပ်ငန်း၊ အမှတ် (၄) အထည်စက်ရုံ (ပွင့်ဖြူ) မှလက်ထောက်မန်နေဂျာ ဒေါ်ဆွေယုလှိုင် တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## တရုတ်နိုင်ငံတွင် ဆွေးနွေးပွဲတက်ရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေကျင်းမြို့တွင် ဧပြီလ ၂ ရက်နေ့မှ ၂၂ ရက် အထိ ကျင်းပပြုလုပ်မည့် စွမ်းအင်လုပ်ငန်းနှင့် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲသို့ စက်မှုစီမံကိန်းဦးစီးဌာနမှ ဌာနခွဲမှူး ဦးစိုးဇော်လတ် တက်ရောက်ကြောင်း သတင်းရရှိသည်။

လျှပ်စစ်စွမ်းအင်လိုအပ်ချက်သည် ကမ္ဘာနှင့်အဝှမ်းရင်ဆိုင်နေရသော ပြဿနာတစ်ခုဖြစ်သည်။ ကမ္ဘာတွင် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်မရသေးသူ သန်းပေါင်း ၁,၃၀၀ ကျော်ရှိနေသည်ဟု သိရသည်။ လူခြောက်ဦးလျှင်တစ်ဦးနှုန်း အမှောင်ထဲမှာနေရဆဲ။ ကမ္ဘာ့ဖွံ့ဖြိုးဆဲဒေသများတွင် လူဦးရေတိုးပွားလာမှု၊ စီးပွားရေးလုပ်ငန်းများ ကျယ်ပြန့်လာမှုနှင့်အတူ စွမ်းအင်လိုအပ်ချက်မြင့်တက်လာနေရာ လာမည့်ဆယ်စုနှစ်များအတွင်း ကမ္ဘာတစ်ဝှမ်းစွမ်းအင်လိုအပ်ချက်ပိုမိုမြင့်တက် အကျပ်အတည်းဖြစ်လာနိုင်ကြောင်း ကုလသမဂ္ဂ အစီရင်ခံစာ၌ သတိပေးတပ်လှန့်ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံ၌ အိမ်ထောင်စုအားလုံး၏ ၃၀% သာ ဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်သေးသည်။ ကျေးရွာပေါင်း ၆၄,၃၄၆ ရွာရှိသည့်အနက် လျှပ်စစ်ဓာတ်အားရရှိရန် ကျေးရွာပေါင်း လေးသောင်းကျော် ကျန်ရှိနေသေးသည်။ ရွာပေါင်းနှစ်သောင်းကျော်ကို ၂၀၁၅ ခုနှစ်မကုန်မီ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရန်အပြီး သတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ တစ်နိုင်ငံလုံးအပြည့်အဝ လျှပ်စစ်မီးရရှိရေး ၂၀၃၀ ပြည့်နှစ်ကို မျှော်မှန်းချက်ထားဆောင်ရွက်နေကြောင်း နေ့စဉ်ထုတ်သတင်းစာပါ အချက်အလက်များအရ ဖတ်မှတ်သိရှိရသည်။

အရာအားလုံး၌ အစိုးရတစ်ရပ်တည်းတွင်သာ တာဝန်ရှိသည်ဟုမမှတ်ယူသင့်။ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက်ဆိုပါမူ ငွေကြေးနှင့်နည်းပညာ အကူအညီကမဖြစ်မနေလိုသည်။ ရသည်ဆိုစေဦးတော့ တည်ဆောက်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်က အချိန်ယူရဦးမည်။ စွမ်းအင်အရင်းအမြစ်များ၏ တာရှည်တည်တံ့နိုင်မှု၊ ထုတ်ယူနိုင်မှုပမာဏနှင့် အကျိုး၊ အပြစ်များကလည်း မျက်မှောက်အခြေအနေ၌ အကန့်အသတ်များစွာရှိနေပေရာ လက်ရှိထုတ်လုပ်ဖြန့်ဖြူးနေသည့် လျှပ်စစ်ဓာတ်အားကို ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေး အစီအမံများကသာလျှင် မြန်ကောင်းသက်သာ ဖြစ်နိုင်၍ လက်တွေ့ကျသော ဖြေရှင်းနည်းတစ်ရပ်ပင် ဖြစ်လိမ့်မည်။

၎င်းလုပ်ငန်းစဉ်ကို မိသားစုအတွင်း၊ အဖွဲ့အစည်းအတွင်း၊ စက်ရုံ၊ အလုပ်ရုံများသာမက လျှပ်စစ်မီးသုံးစွဲရေး ဆိုင်ရာ ဆိုင်ရာတိုင်းက လက်တွေ့ကျကျပူးပေါင်းပါဝင်ပါက မိမိအတွက်သာမက လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်

# ထိရောက်စွာသုံး ခြိုးခြံချွေတာ ပူးပေါင်းပါဝင်ပါ



အတွက်ပါ ရလဒ်ကောင်းများဖြစ်ထွန်းစေကြောင်း ဆန္ဒကောင်းကို မွေးမြူထားအပ်သည်။

၎င်းရလဒ်ကောင်းများကို မျှော်ရည်၍လည်း ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းမှအစိုးရနှင့် အစိုးရမဟုတ်သောအသင်းအဖွဲ့အစည်းအသီးသီးတို့က စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းများ၊ ဟောပြောမှုများ၊ ဆွေးနွေးပွဲများကို အခါမလပ်တက်တက်ကြွကြွ လှုပ်ရှားကြိုးဆောင်နေကြသည်ကို မြင်တွေ့ကြားသိနေရပေရာ အမှောင်ခွင်း၍အလင်းဆောင်မှုအဖြစ် ပီတိဖြစ်မိသည်။

မတ်လ ၂၈ ရက်နေ့နံနက်က စက်မှုဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေး လုပ်ငန်းစဉ် Work Shop နှင့် Training ကိုပြုလုပ်ခဲ့ရာ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ အမှတ် (၁)၊ (၂)၊ (၃) အကြီးစားစက်မှုလုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်း၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းနှင့် ရုံးချုပ်မှတာဝန်ရှိသူများ စုစုပေါင်း ၆၀ ဦး စိတ်ဝင်တစားတက်ရောက်ခဲ့ကြပြီး ညွှန်ကြားရေးမှူး ဦးကိုကိုလွင်က စွမ်းအင်၏အရေးပါမှုနှင့် မျက်မှောက်ကမ္ဘာ့ရေးရာအခြေအနေတို့ကိုထင်ဟပ်လျက် အမှာစကားပြောကြားခဲ့ရာ အလေးဂရုပြုဖွယ်ပင်ဖြစ်သည်။ ထို့အပြင် ဒုညွှန်မှူး ဦးသန်းဦးနှင့် ဦးမောင်မြင့်တို့ကလည်း အတွေ့အကြုံကောင်းများကို မျှဝေပေးခဲ့ကြသည်။

သင်တန်း၌ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နိုင်နိုင်လင်းက Energy Management Handbook Presentation၊ Guidance for Energy Management Training၊ Case Study for Energy Management Training တို့နှင့်ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးပို့ချကာ သင်တန်းသားများက အစုအဖွဲ့လိုက် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့ကြသည်ကိုလည်း အားတက်ဖွယ်မြင်တွေ့ခွင့်ရခဲ့သည်။

နှမ်းတစ်စေ့နှင့် ဆီမဖြစ်နိုင်သော်လည်း နှမ်းစေ့တစ်စေ့ခြင်းစီ၌ ဆီဖြစ်နိုင်သည့်ဂုဏ်သတ္တိများ ကိန်းအောင်းဖြစ်တည်ပြီးဖြစ်သည်။ ၎င်းသို့သော နှမ်းစေ့များ၏ စုပေါင်းအားက ဆီပင်လယ်ကြီးလည်းဖြစ်နိုင်သည်။ ယခု Workshop နှင့် Training သို့ တက်ရောက်လာကြသည့် ဝန်ထမ်းများကား ဂုဏ်သတ္တိရှိပြီးဖြစ်သည့် နှမ်းစေ့လေးများနှယ်ဖြစ်သည်။ ၎င်းမှပြန်၍ သူတို့၏ဆိုင်ရာလုပ်ငန်းခွင်ဝင်ရောက်ကြသောအခါ စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးလုပ်ငန်းစဉ်တို့ကို ထဲထဲဝင်ဝင် လက်တွေ့ပါဝင်ဆောင်ရွက်ကြပါတော့မည်။ သင်တန်း၌ ASEAN Energy Award-2013 ဆုကို ပုပုနွေးနွေး ရရှိထားသည့် အမှတ် (၈) အထည်စက်ရုံခွဲ (ပျော်ဘွယ်) ၏စွမ်းအင်စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းများကို စံပြုလေ့လာခွင့်ရရှိခဲ့ခြင်းကလည်း သင်တန်းသားများ၏ လက်တွေ့ဆောင်ရွက်မှုကို အထောက်အကူများစွာ ဖြစ်စေလိမ့်မည်။

မဖြစ်သေးသည်ကို ထိုင်စောင့်နေမည့်အစား တစ်ဦးချင်းပါဝင်လုပ်ကိုင်နိုင်သည့် လက်တွေ့ကျသော ၎င်းလုပ်ငန်းစဉ်က လျှပ်စစ်မီးမသုံးနိုင်သေးသည့် အိမ်ထောင်စုများအပေါ် စာနာထောက်ထားရာရောက်သလို နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်သည့် အိမ်ထောင်စုရာခိုင်နှုန်းအချိုးကိုလည်း တိုးမြှင့်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ရသည်။

စီးပွားရေးလောက၌ Small is beautiful ဟူသော သဘောတရားရှိသည်။ စွမ်းအင်ကိုထိရောက်စွာအသုံးပြုခြင်းနှင့် ခြိုးခြံချွေတာခြင်း အလေ့အကျင့်ကောင်းတို့ကို တစ်ဦးချင်းမှသည် အိမ်ထောင်စုတစ်စု၊ ထိုမှ အိမ်ထောင်စုများစွာ၊ အလုပ်ရုံများစွာ ဆိုပါလျှင် Beautiful, more Beautiful, most Beautiful ဖြစ်လာမည်ကတော့ ယုံမှားဖွယ်မရှိပါလေ။

**အယ်ဒီတာ**

## ယဉ်ကျေးလိမ္မာသင်တန်းဖွင့်




အမှတ် (၃) အထည်စက်ရုံ (စစ်ကိုင်း)၊ ဝန်ထမ်းရပ်ကွက်ဓမ္မာရုံတွင် ယဉ်ကျေးလိမ္မာသင်တန်းအမှတ်စဉ် (၁) ကို မတ်လ ၂၀ ရက်နေ့ နံနက် ၈ နာရီတွင်စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းချိန်မှာ နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအထိဖြစ်ပြီး၊ သင်တန်းကာလမှာ ရက်သတ္တပတ် ၂ ပတ်ကြာမည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်သော ကျောင်းသားကျောင်းသူများအား ဓမ္မာရုံဂေါပကအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း၍ ကြက်သားဆန်ပြုတ်ဖြင့် နေ့စဉ်ညှော့ခံကျွေးမွေးကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ စက်ရုံဝန်ထမ်းနယ်မြေမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့မှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၂၆ ဦးတက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မောင်မောင်ကျော် (ADM)**

သတင်း

# စက်ရုံထုတ်ကြွေသီးများသည် ပြည်တွင်းဈေးကွက်ရှိ အိန္ဒိယနှင့် တရုတ်နိုင်ငံထုတ် Brand များနှင့် ကောင်းစွာယှဉ်ပြိုင်နိုင်




စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မတ်လ ၂၃ ရက်နေ့ နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်ရှိ ဗို့အားမြင့်ကြွေသီးများထုတ်လုပ်လျက်ရှိသည့် အမှတ် (၃၅) အကြီးစားစက်ရုံ (ချောက်) သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ အမှတ် (၃၅) အကြီးစားစက်ရုံမှ စက်ရုံမှူး ဦးသန်းဇော်ဌေးက စက်ရုံသမိုင်းအကျဉ်း၊ ကုန်ထုတ်လုပ်နိုင်မှုစက်စွမ်းအား၊ ကုန်ထုတ်လုပ်မှုအခြေအနေ၊ ရောင်းချဖြန့်ဖြူးမှုအခြေအနေ၊ တီထွင်ဆန်းသစ်မှုအခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ (ချောက်) မှ စက်ရုံမှူး ဦးရဲသူအောင်က စက်ရုံဆိုင်ရာအချက်အလက်များ၊ JV စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံများ၏တွေ့ကြုံနေရသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးရန် လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ မိမိထုတ်ကုန်ပစ္စည်းများ ဈေးကွက်တွင် အရည်အသွေးရော ဈေးနှုန်းသာမက ဝန်ဆောင်မှုပါယှဉ်ပြိုင်နိုင်ရေး၊ ဈေးကွက်လိုအပ်ချက်အတိုင်း စက်စွမ်းအားပြည့် ထုတ်လုပ်ပေးနိုင်ရေးကြိုးစားကြရမှာဖြစ်ကြောင်း၊ Local Market တစ်ခုတည်းသာမက Export Market အထိပါ ရည်မှန်းပြီး Export Oriented Minded ကို အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုင်း လိုအပ်ချက်များကြောင့် ကြွေသီးများလည်း လိုအပ်နေမှာဖြစ်သည့်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏လိုအပ်ချက်နှင့်အညီ အရည်အသွေးရော၊ ဈေးနှုန်းပါ လက်သင့်ခံနိုင်သည့် ဗို့အားမြင့်ကြွေသီးများ ထုတ်လုပ်ပေးနိုင်ရေးကြိုးစားကြရမှာဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မိမိတို့စက်ရုံမှထုတ်လုပ်သည့်ကြွေသီးများ ဝယ်ယူအသုံးပြုရေးကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ စက်ရုံများအနေဖြင့် အခက်အခဲများရှိနေသော်လည်း အခွင့်အလမ်းများရှိနေကြောင်း၊ ကြိုးစားမှုရှိယုံသာမက ရလဒ်ကောင်းများရရှိရန်လည်း လိုအပ်ပါကြောင်း၊ ကြိုးစားမှုနှင့်ထိုက်တန်သည့် အောင်မြင်မှုရှိဖို့လိုအပ်ကြောင်း၊ စက်ရုံများအနေဖြင့် Activity Base ကို အခြေမခံဘဲ Result Base ကိုအခြေခံကြရမှာဖြစ်ကြောင်း၊ တာဝန်ယူမှု၊ တာဝန်သိမှုရှိရန်နှင့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ စိတ်ရင်းစေတနာကောင်းများဖြင့် စက်ရုံများရှင်သန်ရပ်တည်နိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

၄င်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၃၅) အကြီးစားစက်ရုံ (ချောက်) တွင် ဗို့အားမြင့်ကြွေသီးများ ထုတ်လုပ်နေမှုအခြေအနေများ၊ စမ်းသပ်ထုတ်လုပ်ပြီး မြန်မာကြွေသီးများနှင့် နိုင်ငံခြားကြွေသီးများနှိုင်းယှဉ်ပြသမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။



အမှတ် (၃၅) အကြီးစားစက်ရုံ (ချောက်) သည် (၁၈. ၄. ၂၀၀၆) ရက်နေ့မှစ၍ တည်ဆောက်မှုလုပ်ငန်းများ စတင်ခဲ့ရာ (၃. ၉. ၂၀၁၀) ရက်နေ့တွင် စက်ရုံစတင်ဖွင့်လှစ်နိုင်ခဲ့ပြီး 11 KV Pin Insulator, 33 KV Pin Insulator, 70 KN Disc Insulator, 90KN Disc Insulator, 120 KN Disc Insulator များထုတ်လုပ်လျက်ရှိရာ ပြည်တွင်းဈေးကွက်ရှိ India နှင့် China နိုင်ငံထုတ် Brand များနှင့် Quality ပိုင်းရော Electrical & Mechanical Strength ပိုင်းပါ ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ (ချောက်) သို့ရောက်ရှိစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ (ချောက်) ကို နိုင်ငံပိုင်ပျော့ဖတ်နှင့် စက္ကူစက်ရုံများ၊ သတင်းစာစက္ကူစက်ရုံများ၊ ချည်မျှင်နှင့်အထည်စက်ရုံများ၊ အခြားဝန်ကြီးဌာနများမှလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အချို့ကိုနိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေရရှိရန်၊ စက်ရုံတည်ဆောက်သည့် နေရာရှိဒေသခံများ အလုပ်အကိုင်အသစ်များရရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့်တည်ဆောက်ခဲ့ပြီး တစ်ရက်တန် ၃၀ ထုတ် မြန်မာနိုင်ငံရှိတစ်ခုတည်းသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်ထုတ်လုပ်သည့် စက်ရုံတစ်ရုံဖြစ်သည်။ (၁၂. ၂. ၂၀၀၅) ရက်နေ့တွင် စီမံကိန်းလုပ်ငန်းများ စတင်ခဲ့၍ (၂၃. ၄. ၂၀၀၆) ရက်နေ့တွင် စက်ရုံကိုစတင်ဖွင့်လှစ်ကာ (၆. ၁၁. ၂၀၀၆) ရက်နေ့တွင် ကုန်ထုတ်လုပ်ငန်းများစတင်ခဲ့ကြောင်း၊ (၂. ၈. ၂၀၁၂) ရက်နေ့တွင် Main Unit မီးလောင်ပေါက်ကွဲမှုကြောင့် ကုန်ထုတ်လုပ်ငန်းများရပ်ဆိုင်းထားခဲ့ရပြီး စက်ရုံအနေဖြင့် ငှားရမ်း (သို့) အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**ကျွန်ုပ်တို့သည် ပြည်သူ၏အခွန်အတုတ်များမှ လစာစားနေကြသည့် ပြည်သူ့ဝန်ထမ်း (Public Servant) များဖြစ်သည်ကို အမြဲမမေ့အပ်ပါ။**

# ထိန်းသိမ်းဆင်နွှဲ ရေသဘင်ပွဲ

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် နှစ်သစ်ကူးမှစ၍
နှစ်သစ်တွင် ရွှေစက်မှုဂျာနယ်ပရိသတ်များ
ကိုယ် စိတ်နှစ်ပါး ကြည်သာရွှင်လန်း အောင်ပန်းများ
ပိုင်ဆိုင်နိုင်ကြပါစေကြောင်း
ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။





– ရာသီမိဿ စိတြရနှင့်
ကောင်းကင်တခို အလှပို၍
ပိတောက်တော်ဝင် ခေါင်းထက်ဆင်မြန်း
နုပျိုယမင်း လန်းရွှင်ရင်းက
ရေသဘင်ပွဲ ဆင်ကာနွှဲ...။

– တစ်နှစ်မှာဒီတစ်လ တစ်လမှာတစ်ရက်
တင်စားဖွဲ့ဆို အလှပိုသည့်
ရက်မြတ်မင်္ဂလာ ဒီချိန်ခါဝယ်
နှစ်ဟောင်းလွန်မြောက် နှစ်သစ်အရောက်မှာ
မကောင်းညစ်ကြေး ရေလောင်းဆေးသည့်
ယဉ်ကျေးစဉ်လာ ဒီချိန်ခါ...။

– တူးပို့တေးသံ လန်းရွှင်ရန်ကား
လူတိုင်းရင်အသဲ စွဲမြဲထင်ရာ
မြန်မာ့မူဟန် ဂီတသံနှင့်
လူငယ်လူလတ် ခြေရာထပ်အောင်
မဏ္ဍာပ်စုံညီ ကားအလီလီနှင့်
ရေပက်ကစားကြ သည်ကာလ....။

– ဥပုသ်သီတင်း ဆောက်တည်ရင်းက
ဇီဝိတဒါန သားကောင်လွှတ်ကြ
ကုသိုလ်ဝေဖြာ စတုဒိသာနှင့်
သက်ကြီးရွယ်ရ အဘိုးအဘွားတို့
ခြေသည်း၊ လက်သည်း လှီးဖြတ်ပြီး၍
ခေါင်းဆေးမင်္ဂလာ ဆင်ရင်ကျင်းပ
မြတ်သည့်ချိန်ခါ မင်္ဂလာ...။





– နှစ်ဟောင်းညစ်ကြေး သန့်စင်ပေးဖို့
မေတ္တာရေစက် သပြေခက်နှင့်
ငွေဖလားကိုကိုင် အပြုံးပြိုင်၍
ခွင့်ပန်ရေလောင်း မင်္ဂလာကောင်းနှင့်
အစဉ်အလာကောင်းခဲ့ ရေသဘင်
ယဉ်ကျေးမှုနှင့်အလှဆင် ဟိုးရှေးခေတ်က ရေသဘင်....။

– ယခုကာလ တိုးတက်ကြ၍
မဏ္ဍာပ်လီလီ ကားစုံညီနှင့်
ရေပိုက်တွေသုံး တပြုန်းပြုန်းချ
နောက်ပြောင်စကြမ်း ကစားရမ်းကြ
ဟစ်ဟော့သံကြွေး အနောက်တိုင်းတေးနှင့်
မြင်ရ မြင်ရ ဘဝင်မကျမို့
မင်္ဂလာသင်္ကြန် အမျိုးသားဟန်ကို
အကျည်းတန်ရုပ်ဆိုး အဖြစ်မျိုးတို့
မကြုံမဆုံ မဖြစ်တုံအောင်
လူလတ်လူငယ် အသွယ်သွယ်တို့
စိတ်ကိုလည်းထိန်း ကိုယ်မယိမ်းအောင်
အမှာပို့မှာချင် အသိဝင်...။

– မြန်မာ့ရေသဘင် အလှဆင်ဖို့
သရုပ်ပျက်ဝတ်စား အကျင့်ပျက်သောက်စား
အပျော်လွန်မြောက် အစ အနောက်တို့
ထိန်းသိမ်းကာနွှဲ ရေသဘင်ပွဲ
ကုသိုလ်ကဲကဲ တို့ဆင်နွှဲ...။

မောင်မောင်ဆွေ (ကစစ-၁၃)